ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (23-5-2005) (၄၆၀၄)

## ဗုဒ္ဓါဘိသေက အနေကဇာတင်

ကဆုန်လပြည့်နေ့က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှုအောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။ (ကြေးမုံ)

## ကဆုန်ညောင်ရေသွန်းလောင်း

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် အခမ်းအနားကျင်းပစဉ်။ (သတင်း–ကျော်ဖုံး) (ကြေးမုံ)

# ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၂

**လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဇဟိုမဏ္ဍပ်၌ ကျင်းပသည်။**

ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်း ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅နာရီခွဲတွင် ရွှေတိဂုံစေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရား၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဦးစီးကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်နှင့် တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၃-၅-၂၀၀၅
(တနင်္လာနေ့)

# ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိုက်တန်စွာအသုံးပြု ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း၊ တစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးသဟဇာတဖြစ်စွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျအကွက်ချ စီမံဆောင်ရွက်ပေးလျက် ရှိခြင်းပင်ဖြစ်သည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သည့် ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန် လမ်း၊ တံတားစီမံကိန်းများကို အကွက်ချ တည်ဆောက်ပေးခဲ့သည်။

ရှမ်းပြည်နယ်တွင် လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အတူ ယခင်က ခက်ခဲစွာသွားလာခဲ့ရသည့် မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးမှာလည်း ယခုအခါ မန္တလေး-မူဆယ် နေ့ချင်းပေါက် သွားလာနိုင်သည်အထိ တိုးတက်ကောင်းမွန်လာခဲ့သည်။

ထို့ပြင် လားရှိုး-မူဆယ် လမ်းမကြီးပေါ်မှ သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းကိုလည်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်တွင် အရေးပါသည့် တံတားကြီးတစ်စင်းဖြစ်သော သံလွင်တံတား (တာပါး)ကို မေလ ၂၁ ရက်နေ့ နံနက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး အမှာစကားပြောကြားကာ တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာခဲ့မှုကို သုံးသပ်ကြည့်မည်ဆိုလျှင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေခြင်းမှာ ပဓာနအကျဆုံးသော အခြေခံ အကြောင်းတရားဖြစ်တယ်ဆိုတာလည်း ထင်ရှားနေပြီဖြစ်ကြောင်း** ပြောကြားသည်။

ရှမ်းပြည်နယ်အတွင်းတွင် သံလွင်မြစ်ကူးတံတားကြီးများဖြစ်သော တာကော်အက်တံတား၊ တာဆန်းတံတားနှင့် ယခုဖွင့်လှစ်လိုက်သည့် တာပါးတံတားတို့ကို တည်ဆောက်ပေးခဲ့သဖြင့် သံလွင်မြစ်ကြီးခြား၍ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသော သံလွင်အရှေ့ခြမ်းဒေသများသည် သံလွင်အနောက်ခြမ်းဒေသများနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်လာပြီဖြစ်သည်။

သံလွင်တံတား(တာပါး) တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် သိန်းနီ-ချင်းရွှေဟော်လမ်းနှင့် ကွတ်ခိုင်-တာရွှေထန်လမ်းတို့မှ တစ်ဆင့် တရုတ်ပြည်နယ်စပ်ဒေသများအထိ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရက ရှမ်းပြည်နယ်အတွင်း လမ်း၊ တံတားစသည့် လမ်းပန်းဆက်သွယ်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဖောက်လုပ် တည်ဆောက်ပေးမှုကြောင့် ဒေသအတွင်း ကူးသန်းသွားလာမှု၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမွန်ကြောင့် ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် အကျိုးရှိထိုက်တန်စွာအသုံးချပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကြည့်ရှုစစ်ဆေး

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေရှိ မော်တော်ယာဉ်သုံး ပစ္စည်းထုတ်လုပ်မှုစက်ရုံ၏ ကားဘီးခွေအလုပ်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။**
(စက်မှု-၂)

# အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံများ ဝန်ကြီး ဗိုလ်ချုပ်စောလွင် စစ်ဆေး

ရန်ကုန် မေ ၂၂

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေသို့ ရောက်ရှိပြီး ရှေးဦးစွာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှုစက်ရုံ၏ ကားဘီးခွေအလုပ်ရုံ၌ မော်တော်ယာဉ်သုံး ကားဘီးခွေများ ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ရှင်းလင်းတင်ပြသည်။**

### လျာထား

ဝန်ကြီးက ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရေး၊ အခြားဌာနများနှင့် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုဇုန်များသို့ ဆက်သွယ်ရောင်းချရေး၊ ကားဘီးခွေအရွယ်အစားမျိုးစုံ ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုလုပ်ငန်းများတွင် အနည်းဆုံးလိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုရေးတို့ကို မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု စက်ရုံတို့၌ စက်ရုံတည်ဆောက်ပြီးစီးမှု၊ နိုင်ငံခြားမှရောက်ရှိလာသည့် စက်ပစ္စည်းများ နေရာချထားမှု၊ တပ်ဆင်ထားရှိမှုနှင့် စက်စမ်းသပ်လည်ပတ်မှုတို့ကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့်အထွေထွေမန်နေဂျာ ဦးဖေသန်းလှိုင်တို့က ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ဝန်ကြီးက ရောက်ရှိပြီး စက်ပစ္စည်းများကို စနစ်တကျ တပ်ဆင်ပြီး စမ်းသပ်လည်ပတ်ရေး၊ နည်းပညာ လွှဲပြောင်းရယူရေး၊ ကုန်ကြမ်းများ ကြိုတင်ဖြည့်တင်းထားရှိရေး၊ စက်ရုံ အဆောက်အအုံများအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ရေး၊ စက်ရုံဝန်းကျင် စိမ်းလန်းစိုပြည်စေရန်အတွက် အရိပ်ရပင်၊ ပန်းအလှပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှပ်စစ်နှင့် စက်သုံးဆီများ စနစ်တကျ ချွေတာသုံးစွဲရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

# စာအုပ်ဆက်သွယ်အလှူခံနိုင်

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူ စာသင်တိုက်တွင် သီတင်းသုံးတော်မူသော မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဘဒ္ဒန္တဉာဏာဘိဝံသ (ဘုရားဖြူ) ရေးသားသော ဗျာကိဏ္ဍာ မှတ်စုအမည်ရှိ သုတပဒေသာ ပညာပေးစာအုပ်အား ရန်ကုန်တိုင်းမှအပ ကျန်ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်၊ ကျေးရွာစာကြည့်တိုက်များသို့ စာတိုက်မှ ပေးပို့လှူဒါန်းလိုပါသဖြင့် ဆက်သွယ် အလှူခံနိုင်ကြောင်းသိရသည်။ (က-ပ)

# အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**ရန်ကုန် မေ ၂၂**

အာဆီယံ-အိန္ဒိယ သတင်းဆက်သွယ်ရေး အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M.Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

# ပထမအကြိမ် ညောင်ရေသွန်းလောင်းပူဇော်

**ရန်ကုန် မေ ၂၂**

လမ်းမတော်မြို့နယ် အမှတ် (၄) ရပ်ကွက် ၁၀လမ်းထိပ် ပြည်လုံးချမ်းသာ မဟာဝါဠုက စေတီတော်ဝင်းအတွင်း ဗောဓိညောင်ပင်တွင် ပထမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော် (ကဆုန်လပြည့်နေ့) မေ ၂၂ ရက် နံနက် ၉နာရီက ကျင်းပသည်။

ပြည်လုံးချမ်းသာ မဟာဝါဠုက စေတီတော်၊ ပြည်လုံးချမ်းသာ ရုပ်ပွားတော်နှင့် ဗောဓိညောင်ပင် ဂြိုဟ်တိုင်ဘုရားရုပ်ပွားတော်များအား နံနက် ၅နာရီတွင် အနေကဇာတင်လှူခြင်း၊ နံနက် ၇နာရီတွင် ဝတ်အဖွဲ့က ရွတ်ဆိုပူဇော်ကြသည်။

(၄၃)

# ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီအတွက် ဒိုင်လူကြီးဝတ်စုံနှင့် ပစ္စည်းများပေးအပ်

**ရန်ကုန် မေ ၂၂**

၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီအတွက် ဒိုင်လူကြီးဝတ်စုံနှင့် ဒိုင်လူကြီးအသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲက အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အမှာစကားပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒိုင်လူကြီးဝတ်စုံနှင့် အသုံးဆောင်ပစ္စည်းများကို ဒိုင်လူကြီးများအား ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** ထို့နောက် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ကျေးဇူးတင်စကားပြောကြားပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်စကားပြောကြားသည်။

(ကြေးမုံ)

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်း စနစ်တကျစီမံဆောင်ရွက်ခဲ့၍ အချိန်တိုအတွင်း အောင်မြင်စွာပြီးမြောက်

❀ **ရှေ့ဖုံးမှ**

ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ပညာရှင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလွင်က ရောင်ခြည်တော်ဖွင့်နှင့် ဘုရားပင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပတ္တမြားမျက်ရှင်ဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။

ထိုအချိန်တွင် အလှူရှင်များဖြစ်ကြသော မက်စ်မြန်မာကုမ္ပဏီလီမိတက်၊ မောင်ဝိတ်မိသားစု ကုမ္ပဏီလီမိတက်၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် ရွှေသံလွင်မိသားစု ကုမ္ပဏီလီမိတက်တို့က အာရုံခံမုခ်ဦးလေးခု၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို လည်းကောင်း၊ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဆီမီးခုံပတ်လည်၌ ဆီမီး ၉၀၀၀၊ သစ်သီး ၉၀၀၀နှင့် ပန်း ၉၀၀၀တို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး

**လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှုအောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချ မဟာမင်္ဂလာ အခမ်းအနားတွင် ပတ္တမြားမျက်ရှင်ဘုရားအား ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်ကြစဉ်။** (ကြေးမုံ)

**ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါး သင်္ကန်းတော်ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချ မဟာမင်္ဂလာအခမ်းအနားတွင် ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရွှေထီးတော် ကြံ့ခိုင်မှုလုပ်ငန်းရပ်များ အောင်မြင်ပြီးမြောက်ကြောင်း ဇေယျမင်္ဂလာ အနုမောဒနာကို ဖတ်ကြား လျှောက်ထားစဉ်။** (ကြေးမုံ)

အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

### အနေကဇာတင်

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၆နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ပင့်သံဃာတော် အရှင်သူမြတ်များ စုစုပေါင်း ၁၀၈ပါး ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ ပညာရှင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ရွှေတိဂုံစေတီတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

### ရေစက်ချမင်္ဂလာ

ယင်းနောက် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏထံမှ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

### အနုမောဒနာလျှောက်ထား

ထို့နောက် ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရွှေထီးတော် ကြံ့ခိုင်မှုလုပ်ငန်းရပ်များ အောင်မြင်ပြီးမြောက်ကြောင်း ဇေယျမင်္ဂလာ အနုမောဒနာကို ဖတ်ကြားလျှောက်ထားရာတွင် ယနေ့ကျင်းပသည့် ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက် ချီးမြှင့်တော်မူကြကုန်သော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိုင်း၊ မြို့နယ် သံဃနာယက ဆရာတော်များ အမှူးပြုသည့်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား စုံညီစွာဖူးတွေ့ပူဇော်ရသဖြင့် လွန်စွာဝမ်းသာ ကြည်နူးမှုဖြစ်ရပါကြောင်း ဦးစွာပထမ ဂါရဝပြုလျှောက်ထားအပ်ပါကြောင်း။

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ကကုသန္ဓမြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂမန မြတ်စွာဘုရား၏ ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုတ်တော်၊ ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ် ကိန်းဝပ်စံပျော်တော်မူသော်ကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ဟု ဘွဲ့အမည်တော်ရတော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထွတ်အခေါင် ကျက်သရေဆောင်ဖြစ်တော်မူပါကြောင်း။

### လှူဒါန်းပူဇော်ထား

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပြည်ထောင်စုတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များက လေးမြတ်ကော်ရော် ပူဇော်ရှိခိုးရာ သာသနာ့သမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်၍ သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားကဲ့သို့ ရည်မှန်းကာ ရှေးယခင် မင်းဘုရင်အဆက်ဆက်ကပင် အစဉ်အမြဲ တင့်တယ်ကြည်ညိုဖွယ်ဖူးတွေ့နိုင်အောင် ရွှေစင်ရွှေသားရွှေသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းပူဇော်ထားပါကြောင်း။

ထို့နည်းတူစွာပင် နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုကာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၉၉၉ခုနှစ်တွင် ရွှေထီးတော်သစ် တင်လှူပူဇော်ခြင်းနှင့်အတူ လုံးတော်ပြည့်ကြေးပေါင် ကြေးပြားကပ်လှူခြင်း၊ ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၅ ခုနှစ်တွင် ငါးနှစ်ကျော်၊ ခြောက်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်၍ သဘာဝ ရာသီဥတုဘေးဒဏ်ကြောင့် ရွှေရောင်များ မှေးမှိန်ပျက်ပြယ်ခြင်း၊ ရွှေပြားအချို့ စုတ်ပြဲကွာကျခြင်းများ ရှိလာပါကြောင်း။

တပည့်တော်များ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ကော်မတီသည် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လျှောက်ထား၍လည်းကောင်း၊ နိုင်ငံတော် အကြီးအကဲများထံ တင်ပြ၍လည်းကောင်း လမ်းညွှန်ဩဝါဒများခံယူကာ ရွှေတိဂုံစေတီတော် မြတ်ကြီးအား ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်များဆက်ကပ်လှူဒါန်းခြင်းနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁ရက်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ၁၉၉၉ခုနှစ်က ရွှေထီးတော်သစ် တင်လှူပူဇော်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာ အသီးသီးမှ ပညာရှင်များ၊ ပြင်ပပုဂ္ဂလိကကုမ္ပဏီများမှ ပညာရှင်များကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### အောင်မြင်စွာပြီးမြောက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်လုပ်ငန်းရပ်ကြီးကို ဆောင်ရွက်ရာတွင် ရှေးယခင်အစဉ်အလာအရ မိုးရာသီ စက်တင်ဘာလမှ စတင်ငြိမ်းစေတီ တည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်ပါကြောင်း၊ ယခု ၂၀၀၅ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံပြီးသော ၂၀၀၅ခုနှစ်၊ ဇန်နဝါရီ ၁ရက်မှသာစတင်၍ ကျွမ်းကျင်သူပညာရှင်များစွာတို့ဖြင့် အင်တိုက်အားတိုက် တက်ညီလက်ညီ ဆောင်ရွက်ခဲ့သည့်အပြင် ကျန်းမာရေးအတွက် ဆေးအကာအကွယ် အဖွဲ့များ၊ လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး ဆိုင်ရာလုပ်ငန်းများကိုပါ စနစ်တကျစီစဉ်ကာ စနစ်တကျ စီမံဆောင်ရွက်ခဲ့၍ အခက်အခဲ တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိဘဲ အချိန်တိုကာလအတွင်း အောင်မြင်စွာပြီး မြောက်ခဲ့ပါကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❀

**ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းရပ်ကြီး ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁ရက်မှ စတင်ဆောင်ရွက်ခဲ့၊**

**ယင်းသို့ဆောင်ရွက်ရာတွင် ၁၉၉၉ခုနှစ်က ရွှေထီးတော်သစ် တင်လှူပူဇော်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာအသီးသီးမှ ပညာရှင်များ၊ ပြင်ပပုဂ္ဂလိကကုမ္ပဏီများမှ ပညာရှင်များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကော်မတီများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်နိုင်ခဲ့။**

# မဲခေါင်ဒေသနိုင်ငံများ အစည်းအဝေးကျင်းပ မူးယစ်မှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရန် ဆုံးဖြတ်

ဖနောင်ပင် မေ ၂၁

**မဲခေါင်မြစ်ဒေသခွဲအတွင်း ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးမှုလုပ်ငန်းများကို တိုက်ဖျက်သွားရန် ဒေသခွဲအတွင်းရှိ ခြောက်နိုင်ငံတို့က ယမန်နေ့က ပြုလုပ်သည့် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။**

မဲခေါင်မြစ်ကမ်းနှင့် ထိစပ်နေသော နိုင်ငံများ၏ နယ်စပ်ဒေသများသည် ပွင့်၍နေသည်။ သို့ဖြစ်သည့်အတွက် ထိုနယ်ခြားဒေသတစ်လျှောက် ပြစ်မှုများ ကျူးလွန်ရန် အခွင့်အလမ်းများရှိနေခြင်းဖြစ်သည်ဟု မဲခေါင်မြစ်ဒေသခွဲနိုင်ငံများ အစည်းအဝေး(ဂျီအမ်အက်စ်)တွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

## ဖွင့်လာ

ထိုဒေသအတွင်း စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာသည်နှင့်အညီ နယ်စပ်ဒေသများကို ယခင်အခါများကထက် ပိုမို၍ ဖွင့်လာကြရသည်။ ယင်းအခြေအနေကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်ပေါ်လာရန် ပိုမိုအခွင့်အရေးရရှိလာကြပြီး အထူးသဖြင့် မူးယစ်ဆေးဝါး ကုန်ကူးမှု ပိုမိုများပြားရခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

## ပူးပေါင်းတိုက်ဖျက်

ယင်းသို့သော အခြေအနေများကြောင့် နယ်စပ်ဖြတ်ကျော် မှုခင်းများကို ဦးတည်ချက်ထားပြီး ပိုမိုပူးပေါင်းတိုက်ဖျက်သွားကြရန်လည်း ဝန်ကြီးချုပ် ဟွန်ဆန်က တိုက်တွန်းသွားသည်။

## သုံးသပ်

ဂျီအမ်အက်စ် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ၁၉၉၃ ခုနှစ်က သဘောတူဆုံးဖြတ်ခဲ့ကြသော မူးယစ်ဆေးဝါးနှိမ်နင်းရေး ဆုံးဖြတ်ချက်များကို မည်မျှအကောင်အထည်ဖော်နိုင်သည်ဟူသော အခြေအနေကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြသည်။

ထိုအစည်းအဝေးကို တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဇန်ဇင်ဖန်သည် တရုတ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ် သယ်ဆောင်မှုကို ပူးပေါင်းတိုက်ဖျက်ရာ၌ ပိုမိုအားကောင်းလာစေရန် ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မှောင်ခိုရောင်းဝယ် သယ်ဆောင်မှုများကို တိုးချဲ့တိုက်ဖျက်ခြင်း၊ နိုင်ငံအလိုက်ရှိနေသော တရားဥပဒေ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းများ အချင်းချင်းအတွင်း သတင်းဖလှယ်ခြင်း၊ ဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုယန္တရားကို ပိုမိုအားဖြည့်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန် တရုတ်အဖွဲ့ခေါင်းဆောင် ဇန်ဇင်ဖန်က ဆွေးနွေးသွားသည်။

## တက်ရောက်

အစည်းအဝေးသို့ ဂျီအမ်အက်စ်အဖွဲ့ဝင် ခြောက်နိုင်ငံမှ ဝန်ကြီးများအပြင် အာဆီယံအဖွဲ့၏ အတွင်းရေးမှူးချုပ်ရုံးကိုယ်စား လှယ်အဖွဲ့၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံများမှ မူးယစ်နှိမ်နင်းရေးအဖွဲ့ဝင်များနှင့် ကုလသမဂ္ဂအေဂျင်စီများနှင့် အလှူရှင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တော် အနောက်ဘက် စူဝေရာအရပ်တွင် ပြောက်ကျားများနှင့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လမ်းသွားလမ်းလာများကို ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အင်ဒိုနီးရှားတွင် အဏုမြူဓာတ်အားပေး စက်ရုံတည်ဆောက်မည်

ဂျကာတာ မေ ၂၂

**အဏုမြူဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအပါအဝင် အဏုမြူနည်းပညာကို လုပ်ငန်းအများအပြားတွင် ငြိမ်းချမ်းစွာ အသုံးချရေးကိစ္စများကို ၂၀၁၇ ခုနှစ်တွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သုတေသနနှင့် နည်းပညာဝန်ကြီး ကူ့စ်မာယွန်တိုကာဒီမန်က စနေနေ့က ပြောကြားသည်။**

နိုင်ငံ၏ အဏုမြူဆိုင်ရာ မူဝါဒအရ ၂၀၁၇ ခုနှစ်အရောက်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားရန် ဟူသောအချက်ပါဝင်သည်ဟု ဝန်ကြီး ကူ့စ်မာယွန်တို၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာ သတင်းဌာနက ဖော်ပြခဲ့သည်။

အရှေ့ဂျဗားဒေသ စူရာဘာယာ အရပ်တွင် ပြုလုပ်သောရေကြောင်းသွားလာရေး စက်မှုလုပ်ငန်းပြပွဲ အခမ်းအနားတွင် ဝန်ကြီး ကူ့စ်မာယွန်တိုက မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီး၏ ပြောကြားချက်တွင် အဏုမြူဓာတ်အားပေး စက်ရုံကို မည်သည့်နေရာတွင် တည်ဆောက်မည်ဟူသော အချက်ကို အတိအကျဖော်ပြခဲ့ခြင်းမရှိကြောင်း သိရသည်။

– ရှင်းလင်း –

အဏုမြူစွမ်းအင်နှင့် ပတ်သက်၍ အန္တရာယ်ရှိ၊မရှိကို မေးမြန်းသောအခါ ၎င်းက မည်သည့်နည်းပညာကို သုံးသည်ဖြစ်စေကာမူ အန္တရာယ်ကျရောက်မည့်အခြေအနေသည် သူ့အကြောင်းနှင့် သူရှိနေမည်သာဖြစ်ကြောင်း၊ထိုအန္တရာယ်များကို ရှောင်ရှားနိုင်ရန်အတွက် အကောင်းဆုံးနည်းလမ်းကို ရှာဖွေ ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသွားသည်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ သည်ပင် သူ့အကြောင်းနှင့်သူ အန္တရာယ် ရှိနေကြောင်း ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

အဏုမြူ ဓာတ်အားပေးစက်ရုံကို တည်ဆောက်မည်ဆိုပါက အရှေ့ဂျဗားရှိ မာဒူရာဒေသ သို့မဟုတ် အလယ်ပိုင်းဂျဗားရှိ မူရီယာဒေသ တို့ကို ရွေးချယ်စရာရှိသည်။ သို့ရာတွင် ထိုအရပ်များတွင် မတည်ဆောက်ဘဲ ပယ်ချလိုက်ပါကလည်း ငလျင်ဒဏ်ကင်းဝေးသော ကာလီမန်တန်ကျွန်းတွင် တည်ဆောက်နိုင်ကြောင်းသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်တပ်ဖွဲ့ဝင်လေးဦးအား ပြောက်ကျားများက ပြန်ပေးဆွဲ

**တီကရစ်(အီရတ်) မေ ၂၁**

အီရတ်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ် မည်သူမည်ဝါမှန်းမသိရသော ပြောက်ကျားများက အီရတ်တပ်ဖွဲ့ဝင် လေးဦးအား ပြန်ပေးဆွဲသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့က ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ဆီနီယာမြို့အနီးတွင် ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ကင်းလှည့်နေစဉ် ပြောက်ကျားများက အဆိုပါ တပ်ဖွဲ့ဝင်များအား ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းတို့အသုံးပြုနေသည့် စစ်ဘက်သုံး မော်တော်ယာဉ်နှင့်အတူ တပ်ဖွဲ့ဝင်လေးဦးတို့အား ပြန်ပေးဆွဲသွားခဲ့ကြောင်း တီကရစ်မြို့ရှိ အမေရိကန်-အီရတ် ဆက်သွယ်ရေးရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ကန်ရဟတ်ယာဉ်များက ခုခံရေးသမားများ ခိုအောင်းရာ နေရာဟု ယူဆကာ ပစ်ခတ်ခဲ့သဖြင့် မီးလောင်နေသော ဘဂ္ဂဒက်မြို့ရှိ အိမ်တစ်လုံးကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# သီရိလင်္ကာလေကြောင်းလိုင်း ပေကျင်းသို့ စတင်ပျံသန်းမည်

**ကိုလံဘို မေ ၂၁**

သီရိလင်္ကာလေကြောင်းလိုင်းသည် ဇွန် ၁၅ ရက်မှစ၍ တရုတ်နိုင်ငံသို့ ရက်သတ္တပတ်လျှင် သုံးကြိမ် ပျံသန်းမည်ဖြစ်ကြောင်း နိုင်ငံပိုင် ဒေးလီးနယူးစ် သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းမည့် ခရီးစဉ်သည် ကိုလံဘိုမှ စတင်ထွက်ခွာပြီး ဗန်ကောက်မှတစ်ဆင့် ပေကျင်းသို့ ပျံသန်းမည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မျိုးဗီဇ ပင်မကလာပ်စည်းကို တောင်ကိုရီးယား သိပ္ပံပညာရှင်များ ဖန်တီးနိုင်

**ဆိုးလ် မေ ၂၁**

လူ၏သန္ဓေသား ဖြစ်ပေါ်မှုတွင် ပါဝင်သော မျိုးဗီဇပင်မကလာပ်စည်းကို တောင်ကိုရီးယားသုတေသီ သိပ္ပံပညာရှင်တစ်စုက အောင်မြင်စွာ ဖန်တီးနိုင်ပြီဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်ကို ယွန်ဟပ် သတင်းဌာနက ဖော်ပြခဲ့သည်။

ထိုမျိုးဗီဇ ပင်မကလာပ်စည်းသည် လူတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ကလာပ်စည်းများ၊ မကျန်းမမာဖြစ်နေသော လူနာများကို ကုသပေးရန် လိုအပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဖန်တီးယူနိုင်မည့် အလားအလာကို ပိုမိုကောင်းမွန်လာစေသည်ဟု ဆိုသည်။ ယင်းသို့ လိုအပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဖန်တီးယူနိုင်မည်ဆိုပါက ယခင်က ကုသ၍ မရနိုင်ခဲ့သော ရောဂါအများအပြားကို ပျောက်ကင်းအောင် ကုသပေးနိုင်ရန် အခွင့်အလမ်း ပွင့်သွားမည်ဖြစ်သည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များကို နောက်ဆုံးတင်ထားသော သိပ္ပံအမည်ရှိ ဂျာနယ်အင်တာနက်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ သုတေသနလုပ်ငန်းကို ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ပါမောက္ခ ဟွမ်ဝူစုက်ဦးဆောင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုဖန်တီးမှုတွင် လိုအပ်သော ကလာပ်စည်းများကို ကုသမှုခံယူမည့်လူနာနှင့် ဒီအင်အေချင်းတူသည့် ကိုယ်ပွားကလာပ်စည်းကို ဖန်တီးယူထားခြင်းဖြစ်သည်။ သို့ဖြစ်၍ သတ္တဝါများတွင် ဖြစ်ပွားတတ်သော မျိုးဗီဇမတူသော ကလာပ်စည်းကို လက်မခံ ဆန့်ကျင်ခုခံတတ်သည့် အဖြစ်မျိုးလည်း ရှိတော့မည်မဟုတ်သဖြင့် ကိုယ်အင်္ဂါအစားထိုးကုသမှုကို အခက်အခဲမရှိ ပြုလုပ်နိုင်စရာ အလားအလာရှိသည်ဟု မျှော်မှန်းထားကြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် စက်မဲ့လေယာဉ် ပျက်ကျမှုကြောင့် လူနှစ်ဦးသေဆုံး

**တိုကျို မေ ၂၁**

စက်မဲ့လေယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံအနောက်ဘက် အိုအိတာပြည်နယ် တာကဲ့ဒါဒေသရှိ လယ်ကွင်းထဲသို့ အင်္ဂါနေ့ နံနက်ပိုင်းက ပျက်ကျခဲ့သည်။ ထိုလေယာဉ်ပျက်ကျမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်ဟု ဂျပန်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါသေဆုံးသူ နှစ်ဦးတွင် တစ်ဦးသည် အသက်(၂၀)အရွယ်ရှိ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးသည် အသက်(၆၀)အရွယ်ရှိ လေယာဉ်မောင်း နည်းပြဆရာတစ်ဦးဖြစ်သည်။ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ ပြုလုပ်ရန် ထိုစက်မဲ့လေယာဉ်ကို ပျံသန်းခဲ့ခြင်းဖြစ်သည်။

ထိုလေယာဉ်သည် အမြင့် မီတာ ၈၀ ဝန်းကျင်ထိ ပျံသန်းခဲ့ပြီး ၎င်းလေယာဉ်သည် အရှိန်လျော့နည်းသွားကာ ပျက်ကျခဲ့ခြင်းဖြစ်သည်။ သို့သော် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို တိကျစွာ မသိရှိရသေးဟု ဆိုသည်။

လေယာဉ် မပျံသန်းခင် ကြိုတင်စစ်ဆေးမှုပြုလုပ်ရာတွင်လည်း တစ်စုံတစ်ရာအပြစ် မတွေ့ရှိရကြောင်း၊ လေယာဉ်ပျက်ကျခဲ့သည့် အချိန်တွင်လည်း ရာသီဥတုကောင်းမွန်နေကြောင်း ရဲများက ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်နှင့်စင်ကာပူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် အင်နပ်ပီစီအကြီးအကဲ ဂူဘန်ကို ချစ်ကြည်ရေးခရီးရောက်ရှိ

စင်ကာပူ မေ ၂၁

**မိမိ၏နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်မားကာ ဆက်ဆံရေး တိုးတက်ကောင်းမွန်နေခြင်းကို ကြိုဆိုကြောင်း စင်ကာပူသို့ ရောက်ရှိနေသော တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(အင်နပ်ပီစီ) အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဂူဘန်ကိုက အင်္ဂါနေ့တွင် ပြောကြားသည်။**

ဂူဘန်ကိုသည် စင်ကာပူ ပါလီမန်ဥက္ကဋ္ဌ အဗ္ဗဒူလာတာမူဂီနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေ၊ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ စသည်တို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့သည်။

မစ္စတာဂူသည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ အင်္ဂါနေ့ အစောပိုင်းက ရောက်ရှိလာခဲ့သည်။ မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များသည် အပြန်အလှန် ယုံကြည်မှုကို မြှင့်တင်နိုင်မည့်အပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုကြောင်းမစ္စတာဂူကပြောကြားသည်။

တရုတ်နှင့် စင်ကာပူနိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အခြားသော နယ်ပယ်ကဏ္ဍများစွာ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

စင်ကာပူနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အသင့်ရှိကြောင်း စင်ကာပူ ပါလီမန်ဥက္ကဋ္ဌက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ငါးပြတိုက်တွင် လေ့လာနေကြသော တောင်ကိုရီးယား ကလေးငယ်များကို မေ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# ဗီယက်နမ်တွင် ပထမဆုံး ရေနံချက်စက်ရုံ တည်ဆောက်မည် နိုင်ငံပိုင်ကုမ္ပဏီနှင့် ကုမ္ပဏီလေးခုပါလုပ်ငန်းအုပ်စုတို့ လက်မှတ်ရေးထိုး

ဟန္နိုင်း မေ ၂၁

**ဗီယက်နမ်နိုင်ငံတွင် ပထမဆုံးသောရေနံချက်စက်ရုံ တည်ဆောက်ရေး ကန်ထရိုက်စာချုပ်တစ်ရပ်ကို နိုင်ငံပိုင်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပက်ထရိုဗီယက်နမ်ကော်ပိုရေးရှင်းနှင့် ပြင်သစ်နိုင်ငံမှ တက္ကနစ်ကွန်ဖလီဇစ်ကုမ္ပဏီဦးဆောင်သော ကုမ္ပဏီလေးခုပါလုပ်ငန်းအုပ်စုတို့ လက်မှတ်ရေးထိုးလိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။**

အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးလိုက်သော ရေနံချက်စက်ရုံ တည်ဆောက်ခြင်းဆိုင်ရာ သဘောတူညီချက်အရ ကန်ထရိုက်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၆ဘီလီယံ ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွန်ငွေပြည်နယ်တွင် တည်ဆောက်မည့် ဒွန်ကွတ်အမည်ရှိ ရေနံချက်စက်ရုံ တည်ဆောက်မှုစရိတ်စကမှာ ကနဦးခန့်မှန်းချက် အမေရိကန်ဒေါ်လာ ၁ဒသမ၃ဘီလီယံကို ကျော်လွန်ကာ ဒေါ်လာ ၂ဒသမ၅ဘီလီယံအထိ ရောက်ရှိမည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

တစ်နှစ်လျှင် ရေနံစိမ်း တန်ချိန် ၆ဒသမ၅သန်းအထိ ချက်လုပ်နိုင်စွမ်းရှိမည့် အဆိုပါရေနံ ချက်စက်ရုံသည် ခဲဓာတ်မပါသည့် ရေနံ၊ ရေနံဆီ၊ ဒီဇယ်ဆီနှင့် ရေနံဓာတ်ငွေ့ရည်တို့ကဲ့သို့သော အဆင့်မြင့်ရေနံထုတ်ကုန်များကို နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ လာမည့်နှစ်အနည်းငယ်မှစ၍ စက်ရုံလည်ပတ်နိုင်မည်ဟု မျှော်လင့်ရပြီး ပြည်တွင်း ရေနံဝယ်လိုအား၏ ၄၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတွင် ရေနံချက်စက်ရုံ တည်ဆောက်ရန် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးသည့် ပြင်သစ်ကုမ္ပဏီ ဦးဆောင်သော ကုမ္ပဏီအုပ်စုတွင် မလေးရှား၊ ဂျပန်နှင့် စပိန်နိုင်ငံတို့မှ ကုမ္ပဏီများ ပါဝင်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## တန်ဇန်းနီးယားတွင် မျောက်မျိုးစိတ်သစ်တွေ့ရှိ

**ဝါရှင်တန် မေ ၂၁**

သိပ္ပံပညာရှင်များသည် တန်ဇန်းနီးယားနိုင်ငံ၏ မီတာ ၂၄၀၀ မြင့်သော တောင်ပေါ်ဒေသရှိ တောထဲတွင်နေထိုင်သည့် မျောက်မျိုးစိတ်သစ် တစ်မျိုးကို တွေ့ရှိထားကြောင်း သောကြာနေ့ထုတ် သိပ္ပံစာစောင်တွင် ဖော်ပြထားသည်။

ယင်းမျောက်မျိုးစိတ်မှာ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် တွေ့ရှိရခြင်းဖြစ်သည်။ မျောက်မှာ စင်တီမီတာ ၉၀ ရှည်လျားပြီး အမွေးရှည်ကြီးများမှာ အညိုရောင်ရှိသည်။ မျက်နှာ၊ လက်နှင့်ခြေထောက်တို့မှာ အနက်ရောင်ရှိသည်။ တန်ဇန်းနီးယားနိုင်ငံ၏ ယူဇွန်ဂွာတောင် အမျိုးသားဥယျာဉ်၊ ဂျော်ဂျီယာ တက္ကသိုလ်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တို့မှ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းမျောက်၏သိပ္ပံအခေါ်အဝေါ်မှာ လိုဖိုဆီးဘတ်စ်ကီပွန်ဂျီဖြစ်ပြီး မျိုးသုဉ်း လုနီးဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကာဝါဆာကီ စက်တပ်စက်ဘီးထုတ်လုပ်ရေး အခြေစိုက်စခန်း အင်ဒိုနီးရှားဖြစ်လာမည်

**ဂျကာတာ မေ ၂၁**

ဂျပန်ကာဝါဆာကီ မော်တော်ဆိုင်ကယ်ကုမ္ပဏီသည် အင်ဒိုနီးရှားကို အရှေ့တောင်အာရှဈေးကွက်အတွက် ကာဝါဆာကီစက်တပ်စက်ဘီး ထုတ်လုပ်ရေး အခြေစိုက်စခန်းအဖြစ် ပြုလုပ်ရန် အမေရိကန်ဒေါ်လာသန်း ၂၀ ထပ်မံရင်းနှီးမြှုပ်နှံရန်စီစဉ်လျက်ရှိကြောင်း ဘစ်စ်နစ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယမန်နှစ်က စက်တပ်စက်ဘီးစီးရေ ၁၀၀၀၀၀ ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင် စီးရေ ၂၀၀၀၀၀ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း၊ စက်တပ်စက်ဘီးများကို ထိုင်းနိုင်ငံသို့တင်ပို့ရန်လည်း မျှော်မှန်းထားကြောင်း ကာဝါဆာကီ မော်တော်အင်ဒိုနီးရှားဥက္ကဋ္ဌ ကွန်လိုကီမော်ရီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။

ကာဝါဆာကီကုမ္ပဏီသည် အင်ဒိုနီးရှားတွင် လွန်ခဲ့သည့် ၁၀ နှစ်က လုပ်ငန်းစတင်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဥရောပ၊ အမေရိကန်နှင့် ဩစတြေးလျဈေးကွက်များအတွက် အားကစားပြိုင်ပွဲဝင် မော်တော်ဆိုင်ကယ်များကို ထုတ်လုပ်ပေးသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဝူလောင်သုတေသနဌာနမှ သင်တန်းသားများ မေ ၂၁ ရက်က ပန်ဒါဝက်ဝံငယ်အား လေ့လာနေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## နိုင်ငံတကာ သတင်းများ

# နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဗီယက်နမ်နှင့်ဘင်္ဂလားဒေ့ရှ် သဘောတူညီ

**ဟန္နိုင်း မေ ၂၁**

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်သည် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံဆွေးနွေးကြောင်း၊ ၎င်းတို့သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး သဘောတူညီလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြကြောင်း ဗီယက်နမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

**ဆွေးနွေး**

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာသည် သုံးရက်ကြာ ခရီးစဉ်အဖြစ် မေ ၁၇ ရက်တွင် မြို့တော်ဟန္နိုင်းသို့ ရောက်ရှိလာခဲ့သည်။ နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များ အကောင်အထည်ဖော်ရန် ဆွေးနွေးကြကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်တို့၏ အပြန်အလှန် ကုန်သွယ်မှုပမာဏကို ၂၀၀၈ ခုနှစ်ထက်နောက်မကျဘဲ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖိုးအထိ မြှင့်တင်ရန် ဖန်ဗန်ခိုင်နှင့် ခါလီဒါဇီယာတို့သဘောတူညီကြသည်။ ဆေးဝါး၊ အထည်အလိပ်၊ သားရေ၊ ဘိလပ်မြေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ ပရိဘောဂ စသည့်ပစ္စည်းများကို တိုးမြှင့်ကုန်သွယ်နိုင်ရန် နှစ်နိုင်ငံဝန်ကြီးချုပ်တို့ အဓိကဆွေးနွေးခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# စားနပ်ရိက္ခာဥယျာဉ်ကြီးများ အိန္ဒိယ၌တည်ထောင်မည် စိုက်ပျိုးရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားပေး

**နယူးဒေလီ မေ ၂၁**

အိန္ဒိယအစိုးရသည် စားနပ်ရိက္ခာဥယျာဉ်ကြီးများ တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းအတွက် ရူပီး တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃ သန်း) ရင်းနှီးမြှုပ်နှံမည်ဟု အိန္ဒိယ စားနပ်ရိက္ခာဝန်ကြီး ဆူဘိုဒ်ခန့်ဆာဟိုင်က တနင်္လာနေ့တွင် အင်ဒို–အာရှ သတင်းဌာနသို့ ပြောကြားခဲ့သည်။ ထိုလုပ်ငန်းတွင် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အားပေးဆောင်ရွက်**

ထိုစားနပ်ရိက္ခာဥယျာဉ်များနှင့် စိုက်ပျိုးရေးဇုန်များ တည်ဆောက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အိန္ဒိယအစိုးရက အားပေးဆောင်ရွက်ပေးမည်ဟု နယူးဒေလီတွင် ကျင်းပသော အိန္ဒိယစက်မှုအဖွဲ့၏ နှစ်စဉ်ကျင်းပသော အစည်းအဝေးတွင် ဆာဟိုင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် ထိုဥယျာဉ်များ တည်ဆောက်မှုတွင် ရူပီး တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဗဟိုအစိုးရကလည်း နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများကို ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပေးထားပြီး ဝင်ငွေခွန်ဆိုင်ရာ အကျိုးအမြတ်များလည်း ခံစားရရှိစေမည်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ထိုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အတားအဆီးဖြစ်သည့် လျှပ်စစ်ဓာတ်အား မလုံလောက်မှုနှင့် ရေမဖူလုံမှုများ စသည့် ကိစ္စရပ်များကိုပါ ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါဥယျာဉ်များ တည်ဆောက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်ဆောင်ရွက်နိုင်သလို စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွင်လည်း ပါဝင်ဆောင်ရွက်နိုင်သည်ဟု ဆာဟိုင်က ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတော် အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန်လုပ်ကြစေလို

မောင်ဘဖေ(ဥဿာ)

**ဖြူဖွေး။** အဘိုးလေး-အဘိုးလေးရှိသလား။

**အဘိုးလေး။** ဖြူဖွေးတို့ မောင်နှမပါလား - လာကြ - လာကြ-အလည်လာကြတာလား။

**ဖြူဖွေး။** ဟုတ်တယ် အဘိုးလေးရေ၊ ကိုကိုခွင့်ရလာလို့ အဘိုးလေးကို လာကန်တော့ကြတာ။

**ဘဖေ။** နေထိုင်ကောင်းရဲ့လား အဘိုးလေး။ ရန်ကုန်ကအပြန် ခွင့်ရလာတာနဲ့ အဘိုးလေးနဲ့လည်း မတွေ့ရတာကြာလို့ သားတို့ လာကန်တော့ကြတာ။

**အဘိုးလေး။** အေး-တီဗွီထဲမှာ မင်းတို့ စည်ပင်သာယာရေး ဦးစီးဌာနက နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးလုပ်တာ တွေ့လိုက်ရတယ်။ အဲဒါ နှစ်စဉ်လုပ်တာပဲလား။

**ဘဖေ။** ဟုတ်ပါတယ် အဘိုးလေး၊ သားတို့ဝန်ကြီးဌာနက တစ်နှစ်တာဆောင်ရွက်ခဲ့တဲ့ စည်ပင်သာယာရေး လုပ်ငန်းတွေအပေါ်မှာပြန်လည်သုံးသပ်ဆွေးနွေးကြပြီး လာမည့်နှစ်အတွက် ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော်ကြတာပါ။ နှစ်စဉ်လုပ်ပါတယ်။ အခုဆိုရင် (၁၆)ကြိမ် ရှိသွားပါပြီ။

**အဘိုးလေး။** ဒါဟာ ဂုဏ်ယူစရာအောင်မြင်မှုတစ်ရပ်ပဲပေါ့ကွာ။ ကောင်းတယ်။ ကောင်းတယ်။

**ဖြူဖွေး။** ဒါတင်ဘယ်ကဦးမလဲအဘိုးလေးရေ၊ ကိုကိုတို့လုပ်နေတဲ့ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၀)နှစ်စီမံကိန်းဆိုတာလဲ အရမ်းအောင်မြင်တယ်လို့ ကြားနေရတယ်။ ကိုကိုဆိုရင် သမီးတို့မေးလိုက်တိုင်း မတွေ့ရဘူး။ မကွေး၊ မန္တလေးဘက်ကိုချည်း သွားနေတယ်ပြောတာပဲ။

**အဘိုးလေး။** ဒါလဲကြားဖူးတယ်။ အပူပိုင်းဒေသကျေးလက်ရေရရှိရေး စီမံကိန်းဆိုလားပဲ။အဲဒါငါလည်းစိတ်ဝင်စားတယ်၊နည်းနည်း လောက်ရှင်းပြပါဦး။

**ဘဖေ။** ဟုတ်ကဲ့ အဘိုးလေး။ သားရှင်းပြပါမယ်။ မြန်မာနိုင်ငံရဲ့ အပူဆုံး၊ အခြောက်သွေ့ဆုံးဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေမှာ ရေဘယ်လောက် ရှားပါးတယ်ဆိုတာ အဘိုးလေးအသိပဲလေ။ ရေတစ်ထမ်းတစ်ပိုးရဖို့ လေးမိုင်၊ငါးမိုင်လောက်ဝေးတဲ့ နေရာမှာ အချိန်ကုန် လူအပင်ပန်းခံပြီး သွားခပ်ရတယ်ဆိုတာ နည်းတဲ့ဆင်းရဲဒုက္ခ

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာမှ ကျေးလက်အိမ်ရာ။

မန္တလေးတိုင်း တံတားဦးမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှုကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။

မဟုတ်ဘူး။ နိုင်ငံတော်အကြီးအကဲက ဒီဒုက္ခတွေ ဖြေရှင်းပေးနိုင်ဖို့ သားတို့ နယ်စပ်/စည်ပင်ဝန်ကြီးဌာနကို တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ တာဝန်ပေးတာမှ အသေးစိတ်လမ်းညွှန်ခဲ့တာ၊အပူပိုင်းဒေသကျေးလက် ရေရရှိရေးကို ၁၀ နှစ်စီမံကိန်းအဖြစ်ဆောင်ရွက်ဖို့၊ ဒီလိုဆောင်ရွက်ရာမှာ ပထမဦးစားပေးအဖြစ် မိုးရေမှအပရေလုံးဝမရနိုင်တဲ့ ရွာများကို အရင်ဆောင်ရွက်ဖို့၊ ဒုတိယဦးစားပေးအဖြစ် ရေရပေမယ့် တစ်နှစ်ပတ်လုံးအတွက် မလုံလောက်တဲ့ရွာများမှာဆောင်ရွက်ပေးပြီးနောက်ဆုံးအဆင့်အနေနဲ့သန့်ရှင်းတဲ့သောက်သုံးရေရအောင် ဆောင်ရွက်ပေးဖို့ အသေးစိတ်လမ်းညွှန်ခဲ့တာ၊ ငွေကြေးအခက်အခဲ မရှိရအောင်လည်းစည်ပင်သာယာရေးရန်ပုံငွေအပြင် နိုင်ငံတော် ထောက်ပံ့ငွေ၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ လှူဒါန်းငွေများ သုံးစွဲဆောင်ရွက်နိုင်ဖို့ပါ စီမံပေးခဲ့တယ်။ အခုဆိုရင် စီမံကိန်းကာလ ငါးနှစ်သာ ရှိသေးပေမယ့် ဆောင်ရွက်ရတဲ့ ကျေးရွာ ၈၀၄၂ ရွာမှာ ၇၁၅၇ ရွာဆောင်ရွက်ပြီးဖြစ်လို့ ၈၉ ရာခိုင်နှုန်းပြီးနေပါပြီ။ တစ်နိုင်ငံလုံးအနေနဲ့ ကျေးရွာပေါင်း ၂၃၂၂၅ ရွာမှာ ၁၄၃၀၉ ရွာ ဆောင်ရွက်ပြီးဖြစ်လို့ ၆၂ ရာခိုင်နှုန်း ပြီးနေပါပြီ။

**အဘိုးလေး။** ကောင်းတယ်ကွ၊ ကိုယ်လုပ်ခဲ့တဲ့ လုပ်ငန်းတွေအပေါ် အားနည်းချက်အားသာချက်တွေကို အမှန်အတိုင်း ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး နောက်တစ်နှစ်အတွက် ရှေ့လုပ်ရမယ့် ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်လုပ်ဆောင်ကြတယ်ဆိုတာ အင်မတန်ကောင်းမွန်တဲ့ လုပ်ရပ်ပဲ။ ဒါမှလည်း အဖွဲ့အစည်းတစ်ခုရဲ့ လုပ်ငန်းတွေ အမြဲရှင်သန်တိုးတက်အောင်မြင်နေမှာပေါ့ကွာ။

**ဘဖေ။** မှန်ပါတယ်ခင်ဗျာ၊ ဒါကြောင့်လည်း သားတို့ တာဝန်ယူဆောင်ရွက်နေတဲ့ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်နေတာပေါ့။ အခုဆိုရင်မြို့ပြ၊ ကျေးလက်လမ်းမိုင်ပေါင်း ၃၀၆၅၇ မိုင်ကျော် ဖောက်လုပ်ခဲ့ပြီးပါပြီ။

**အဘိုးလေး။** တယ်အားရစရာ ကောင်းပါလားကွ။ အေးလေ လူကြီးတွေက အသေးစိတ်လမ်းညွှန်ရုံမက လိုအပ်တာတွေကိုလည်း ဖြည့်ဆည်းစီမံပေးခဲ့တော့ လုပ်ရတဲ့သူတွေ အားရှိပြီး လုပ်ငန်းအောင်မြင်အောင် လုပ်နိုင်တာပေါ့။ ဒါဟာ သမိုင်းတွင်မယ့် မှတ်ကျောက်တစ်ခုပဲကွ။ ကောင်းတယ်။ ဒါနဲ့ နေစမ်းပါဦး။ ပြီးခဲ့တဲ့ စပါးပေါ်ချိန်လောက်တုန်းက ရွာတောင်ပိုင်းက ငွေစည်တို့အိမ်ဆောက်တာ မင်းတို့ စည်ပင်သာယာရေးအဖွဲ့က သစ်တွေ၊ သွပ်တွေ ရောင်းပေးတယ်ဆို။ ဒီကောင် တစ်သက်လုံး ဝါးတဲအစုတ်လေးနဲ့ နေရာကနေ ပျဉ်ထောင်အိမ်လှလှလေးနဲ့ ဖြစ်သွားတော့ ပြောလို့ကို မဆုံးနိုင်ဘူး၊ ပျော်နေကြတာ။ အဲဒါ ဘယ်လိုစီမံပေးနေကြတာလဲကွ ပြောပြပါဦး။

**ဘဖေ။** အဲဒါက ကျေးလက်စံပြအိမ်ရာ စီမံကိန်းပေါ့ အဘိုးလေး။အဘိုးလေးဒါလဲ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက် စီမံကိန်းတစ်ခုပဲ။ကျေးရွာမှာနေတဲ့ ပြည်သူတွေ သွပ်မိုးပျဉ်ထောင်အိမ်နဲ့ နေနိုင်ဖို့ဆိုတာ တော်ရုံစုမိ ဆောင်းမိရုံနဲ့ မဖြစ်နိုင်ဘူးမဟုတ်လား။ဒါကြောင့်ကျေးလက်ဒေသတွေမှာ ဓနိမိုးထရံကာ ဝါးခင်းတဲ့အိမ်လေးတွေပဲ များနေ ကြတာ။ ဒါကြောင့် နိုင်ငံတော် အကြီးအကဲက ကျေးလက်နေပြည်သူတွေ လူနေမှုအဆင့် မြင့်မားလာစေဖို့ ငွေကြေးအနည်းငယ်ရှိရုံနဲ့ သပ်ရပ်ကောင်းမွန်တဲ့ အိမ်တစ်လုံး ပိုင်ဆိုင်နိုင်ဖို့ တာဝန်ရှိတဲ့ ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ဆောင်ရွက်ပေးတာပါ။ လိုအပ်တဲ့ သစ်၊ သွပ်စတဲ့ အိမ်ဆောက်ပစ္စည်းတွေကို အစိုးရဈေးနှုန်းနဲ့ စီမံပေးတယ်။ အိမ်ပုံစံတွေကို အသင့်စီမံပေးတယ်။ ပစ္စည်းရရှိရေး အဆင်ပြေအောင်လည်းစည်ပင်သာယာရေးအဖွဲ့တွေက လိုက်လံ ကူညီဆောင်ရွက်ပေးတယ်။ အခုဆိုရင် စမ်းသပ် ဆောင်ရွက်နေတဲ့ တိုင်းခုနစ်တိုင်းမှာ အိမ် ၁၆၀၉ လုံး ဆောက်လုပ်ပေးပြီးပါပြီ။

**အဘိုးလေး။** အင်း - တပ်မတော် အစိုးရလက်ထက် ဆောင်ရွက်ခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အောင်မြင်မှုတွေဟာ အံ့မခန်းပါပဲလားကွာ။ ဒို့လွတ်လပ်ရေးရခဲ့တာ (၅၇)နှစ်ကျော်ခဲ့ပြီ၊ အရင်ကတည်းက အခုလို အရှိန်အဟုန်နဲ့သာ လုပ်ခဲ့ကြမယ်ဆိုရင် ဒို့နိုင်ငံဟာ အခုချိန်မှာ ထိပ်တန်းကို ရောက်နေလောက်ပြီ၊ သိပ်နှမြောစရာကောင်းတဲ့ အချိန်တွေပဲကွာ၊ ဒီမှာ ငါ့မြေး၊ ငါ့မြေးတို့ အခုကြိုးပမ်းဆောင်ရွက်နေကြတာ ရှေးရေးက ဘဝအကြောင်းတရားကြောင့် လုပ်ခွင့်ရလို့၊ ဆောင်ရွက်ခွင့်ရလို့ ဆောင်ရွက်နေကြတာ မဟုတ်လား။ ဒါ့ကြောင့် ငါ့မြေးတို့ကို အဘိုးတစ်ခုပြောလိုက်မယ်-

**"နိုင်ငံတော်အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန် လုပ်လိုက်ကြစမ်းပါ။ တစ်ချိန်ကျရင်ငါ့မြေးတို့ဒီလုပ်ရပ်အပေါ်မှာ ကျေနပ်မှုတွေ၊ နှစ်သိမ့်မှုတွေ ရလာပါလိမ့်မယ်၊ ဒါဟာ ဘာနဲ့မှ မလဲနိုင်တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲပေါ့ကွာ"**

**ဘဖေ။** ဟုတ်ကဲ့ပါ အဘိုးလေး၊ သားတို့လဲ မှတ်သားဆောင်ရွက်ပါ့မယ်။ အချိန်လဲ အတော်ကြာသွားပြီ၊ မြို့အထိ ပြန်ရမှာမို့ အဘိုးလေးကို သားတို့ကန်တော့ပါတယ်။

**အဘိုးလေး။** အေး-သာဓု၊ သာဓု၊ သာဓုပါကွာ။ ။


ပညာရေးဝန်ကြီးဌာန

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**မေလ၏နောက်ဆုံးသီတင်းပတ်**

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။


## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၃-၅-၂၀၀၅ (တနင်္လာနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၁၅ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၁။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၄း၁၅ | ၄။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၂၅ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၄၅ | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၀၀ | ၈။ | **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -First Year Guide (ဒုတိယနှစ်-အင်္ဂလိပ်စာအထူးပြု) |
| ၅း၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄-နာရီ" (အပိုင်း-၄)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | မေးမြန်းစူးစမ်း |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၂၆)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# မအူပင်မြို့ မုနိရာမာရုဏေ မြို့ဦးပေါ်တော်မူရွှေစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား တိုင်းမှူးနှင့်ဝန်ကြီးများ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၂

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ယနေ့နံနက်ပိုင်းတွင် မအူပင်မြို့ မုနိရာမာရုဏေ မြို့ဦးပေါ်တော်မူရွှေစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။**

### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နံနက် ၇ နာရီခွဲတွင် ရွှေစေတီတော် လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူအား တိုင်းမှူး၊ဝန်ကြီးများနှင့် ဒါယကာ၊ ဒါယိကာမများက ရွှေကြာသင်္ကန်း၊ မြသပိတ်၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝါးခယ်မဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများ၊ ဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ပဋိမာရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအားဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းမြို့ ပုဏ္ဏာမာရာမစျေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဩဘာသဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များ၊ ဌာပနာများအား တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပူဇော်ကာ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြသည်။

ထို့နောက် အလယ်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ဝန်ကြီးနှင့် အလှူရှင်များက ပဋိမာ ရုပ်ပွားဆင်းတုတော်များအား ဌာပနာသွင်းလှူ ပူဇော်ကြသည်။ ဆက်လက်၍ အထက်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်တို့က ဌာပနာသွင်းလှူ ပူဇော်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အလှူရှင်များက ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် အရံစေတီထီးတော်များ၊ ရွှေကြာသင်္ကန်းများအား တစ်ပြိုင်တည်းတင်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဗိသုကာပညာရှင်များကိုယ်စား ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်းအား လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပြီး အခမ်းအနားမှူး ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းဖတ်ကြား၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

# မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်း

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာတွင် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇွန်၃ရက်မှ၁၂ရက်ထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ သုဝဏ္ဏသိင်္ဂီ ဓမ္မရိပ်သာကျောင်း၏ ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယန အရှင်သူမြတ်နှင့် ဓမ္မကထိကဆရာဦးဌေးဝင်း(မအူပင်)တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ရိပ်သာ ဖုန်း-၅၇၂၃၉၅သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

✺ စာမျက်နှာ ၃ မှ

ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရန် စတင်ပြင်ဆင်သော ၂၀၀၄ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာအထိ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရန် အလှူတော်ရငွေမှာ ငွေကျပ်သိန်းပေါင်း ၄၂၀၀ကျော်ဖြစ်ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီမှ မေအထိ အလှူတော်ရငွေမှာ ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ကျော်ဖြစ်၍ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၆၁၃၇ ကျော် လှူဒါန်းခဲ့ကြကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း။

### အလှူရှင်ကြီးများပေါ်ပေါက်

ထိုမျှသာမက ရွှေစင်၁၀ပိဿာ လှူဒါန်းခြင်း၊ ဒေါ်လာနှစ်သိန်း လှူဒါန်းခြင်း၊ ရွှေစင်တစ်ပိဿာ လှူဒါန်းခြင်း၊ လိုအပ်သော ပစ္စည်းများ လှူဒါန်းခြင်းအစရှိသော ထုထည်ပမာဏကြီးမားစွာ လှူဒါန်းသော အလှူရှင်ကြီးများ ပေါ်ပေါက်လာခဲ့သည်ကိုလည်း အထူးဝမ်းမြောက်ဖွယ် တွေ့ရှိရပါကြောင်း။

ရွှေထီးတော်ကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် စစ်ဆေးရာ၌ ပျက်စီးချွတ်ယွင်းမှု တစ်စုံတစ်ရာမရှိဘဲ ပကတိကြံ့ခိုင်တောင့်တင်းမှုရှိကြောင်း တွေ့ရှိရပါကြောင်း၊ သို့ရာတွင် ၁၉၉၉ ခုနှစ် ရွှေထီးတော်သစ်တင်လှူရာ၌ ပစ္စည်းဝယ်ယူရရှိမှုအခက်အခဲကြောင့် Mild Steel (သံရိုးရိုး)ဖြင့် ပြုလုပ်ထားသော ထီးတော်ဆိုင်းကြိုးများအစား ပိုမိုကြံ့ခိုင်တောင့်တင်းမှုရှိစေရန် Stainless Steel (သံမဏိ)ဆိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်း၊ ထီးထောက်များ၊ အားဖြည့်သံမဏိတန်းများဖြင့် ဖြည့်စွက်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ထို့ပြင်ပန်းလည်တိုင်တွင် ဗုဒ္ဓရုပ်ပွားတော်သုံးဆူပါ ရွှေကွင်းလေးခု၊ သံမဏိအားဖြည့်ထောက်ရှစ်ခုတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူပါ ရွှေကွင်း ၂၄ခု အပါအဝင် ရတနာပစ္စည်းများစွာကို ဖြည့်စွက်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

### တိုးချဲ့ကပ်လှူ

ထို့အပြင် ရွှေမျက်ပါးသင်္ကန်းတော်ဆက်ကပ်ခြင်းသည် ငါးနှစ်ကျော်ခြောက်နှစ် ကြာမြင့်သည့်အခါ ရွှေရောင်များမှေးမှိန်ပျက်ပြယ်ခြင်း၊ ရွှေပြားသင်္ကန်းများကပ်လှူခြင်းသည် နှစ်ကာလကြာမြင့်သည့်အခါ ရွှေပြားများ စုတ်ပြဲခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ရွှေရောင်ရွှေသား ရေရှည်တည်တံ့ခိုင်ခံ့စေရန်၊ အများပြည်သူတို့ တန်ဖိုးငွေအနည်းငယ်ဖြင့် လှူဒါန်းနိုင်စေရန် ရွှေပါးလွှာများ စပ်သပ်ပြုလုပ်ပြီး ၁၉၉၉ခုနှစ်ကပင် စမ်းသပ်ကပ်လှူခဲ့ရာ ယခု ၂၀၀၅ခုနှစ်တွင် ယင်းရွှေပါးလွှာများသည် ရွှေရောင်ရွှေသား ပကတိကောင်းမွန်လျက်ပင် တွေ့ရှိသောကြောင့်လည်းကောင်း၊ ခေတ်မီနည်းပညာများဖြင့် စမ်းသပ်ချက်အရ ရွှေရောင်ရွှေသားများ ရေရှည်တည်တံ့ခိုင်ခံ့နိုင်သည်ဟု တွေ့ရှိသောကြောင့်လည်းကောင်း၊ ယခု ၂၀၀၅ခုနှစ် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းဆောင်ရွက်ရာ၌ ၁၂လက်မပတ်လည် ရွှေပါးလွှာ တစ်ချပ်လျှင် ရွှေစင် ၁၂ပဲသားကပ်ပြီး ကျပ်၁၉၅၀၀၀နှုန်းဖြင့်အလှူခံ၍ စေတီတော်ကြီး၏ ကြေးဝန်းတွင် တိုးချဲ့ကပ်လှူလျက်ရှိပါကြောင်း။

လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်းကြီးတွင် ၁၂လက်မပတ်လည် ခြောက်ကျပ်သားရွှေပြား ၂၅၀ချပ်၊ သုံးကျပ်သား ရွှေပြား ၃၁၇၁ချပ်၊ အရွယ်စုံရွှေပြား၂၁၉ချပ် စုစုပေါင်း ၃၆၄၀ချပ်၊ ရွှေသားအလေးချိန် ၁၁၇ ဒသမ ၃၁ပိဿာနှင့် နှစ်လက်မပတ်လည် ရွှေရာဆိုင်းပေါင်း ၃၈၁၆၇ဆိုင်း၊ ၁၂လက်မ ပတ်လည် ရွှေပါးလွှာ၇၇ချပ်တို့ ဆက်ကပ်လှူဒါန်းနိုင်ခဲ့သည့်အတွက် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၉၀၀၀ကျော် တန်ဖိုးပမာဏမျှ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

ယခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေမျက်ပါးသင်္ကန်းတော်များဆက်ကပ်လှူဒါန်းပူဇော်သော အလှူတော်လုပ်ငန်းရပ်ကြီးနှင့်အတူ ရွှေထီးတော်ကြံ့ခိုင်မှုလုပ်ငန်းများ၊ ကိုယ်လုံးတော်ကြံ့ခိုင်မှု သုတေသနလုပ်ငန်းများ၊ ရွှေပါးလွှာ သုတေသနလုပ်ငန်းများနှင့် ဗိသုကာပုံစံ တိုင်းတာထုတ်လုပ်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ကြီးမားကျယ်ပြန့်လှသည့်ကုသိုလ်တော်လုပ်ငန်းကြီး အောင်မြင်ပြီးမြောက်ခဲ့သည်မှာ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒပေးမှု၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှု၊ ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးကော်မတီအဆင့်ဆင့်နှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခြားဝန်ကြီးဌာနများနှင့် ပညာရှင်များ၏ပံ့ပိုးမှု၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းပါဝင်မှုနှင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါအလျောက် လှူဒါန်းမှုအစုစုတို့ကြောင့်ပင်ဖြစ်ပါကြောင်း၊ ကုသိုလ်တော်အဝဝကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ကြပါစေရန် အနုမောဒနာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားအပ်ပါကြောင်းဖြင့် ဖတ်ကြားလျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းမှု အောင်မြင်ပြီးမြောက်ကြောင်း ထုတိမင်္ဂလာ အောင်ဩဘာစာတမ်းကို သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလွင်က ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ခြောက်ထပ်ကြီးကျောင်း ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ တက်ရောက်လာကြသူများက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်မှုများဟောပြောပို့ချ

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သော စည်းရုံးရေးသင်တန်း သင်တန်းသား ၁၀၀ကျော်အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်မှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောပို့ချသည်။ (သတင်းစဉ်)

# လောကချမ်းသာရင်ပြင်တော်ရှိ မဟာဗောဓိပင်အား စတုတ္ထအကြိမ် ညောင်ရေသွန်းလောင်းပူဇော်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား စတုတ္ထအကြိမ် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ယနေ့ညနေ ၄ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၃-၅-၂၀၀၅ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇း၁၅ | ၂။ | **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်** |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၀၀ | ၇။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၈း၁၀ | ၈။ | အဆိုပြိုင်ပွဲ |
| ၈း၂၀ | ၉။ | ဖောင်းကတောရေလျှောင်တမံ |
| ၈း၃၀ | ၁၀။ | International News. |
| ၈း၄၅ | ၁၁။ | Grammar Made Easy. |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | Practice in Reading. |
| ၄း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅း၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၅း၁၅ | ၆။ | အကပဒေသာ |
| ၅း၃၀ | ၇။ | မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံသာ |
| ၅း၄၀ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၅၀ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း) |
| ၆း၀၅ | ၁၀။ | Discovery. |
| ၆း၁၀ | ၁၁။ | **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၉၅)** |
| ၆း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၇း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၇း၀၅ | ၁၄။ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ၁၅။ | စက်မှုစွမ်းအားခေတ်ကျော်လွှား |
| ၇း၃၅ | ၁၆။ | တေးဂီတအစီအစဉ် |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၁၉)** |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိစဉ်။ (ကြေးမုံ)

## ❀ ကဆုန်လပြည့်မှ

ထိုအချိန်တွင် ဥပါသကာတစ်ဦးက "ဥဒ္ဒိဿိယဇိနံဗုဒ္ဓံ" အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယင်းနောက် ဥပါသကာတစ်ဦးက နတ်ဗြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ပြီး မဟာဗောဓိညောင်ပင်၏ အရပ်မျက်နှာအသီးသီး၌ နေရာယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန်တို့က **"ဇယောဟိ ဗုဒ္ဓသသ"** ဂါထာတော်ကို လည်းကောင်း၊ အရန်ယောဂီများက **"ဗောဓိညောင်နန်း"** အစချီသော ရှစ်လုံးဘွဲ့ ကဗျာကို လည်းကောင်း ရွတ်ဆိုကြကာ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ နတ်ဗြဟ္မာအပေါင်းနှင့် ပရိသတ်တို့က **"ဇမ္ဗူဒီပ ဗောဓိယာမူလေ"** အစချီသော ဆုတောင်းပတ္ထနာ ခြောက်ဂါထာနှင့် **"သွန်းကြ၊သွန်းကြ၊ ရွှန်းပညောင်ရေ"** အစချီသော ကဗျာတို့ကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဥပါသကာတစ်ဦးက ပင့်ဖိတ်ထားသော နတ်ဗြဟ္မာအပေါင်းတို့အား ဂါထာပါး၍ ပြန်ပို့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဘာသာရေးအသင်းအဖွဲ့များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယနေ့သည် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရွှေတိဂုံစေတီတော်၌ ဥပုသ်သီလ ဆောက်တည်သူများနှင့် ဘုရားဖူးလာသူများဖြင့် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကား များပြားလျက်ရှိပြီး ဘုရားဖူးလာသူများသည် မဟာဗောဓိညောင်ပင်တွင် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

## မဟာဝိဇယစေတီတော်

အလားတူ ရန်ကုန်မြို့ ဓမ္မရက္ခိတ ကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာဝိဇယစေတီတော်၏ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)တွင် (၁၉) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဥပါသကာတစ်ဦးက နတ်ဗြဟ္မာ အပေါင်းတို့အား ဂါထာပါး၍ ပင့်ဖိတ်သည်။

ထို့နောက် မဟာဝိဇယစေတီတော်နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်၌ သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြရာ ဥပါသကာတစ်ဦးက **"ဥဒ္ဒိဿိယဇိနံဗုဒ္ဓံ"** အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက် မဟာဗောဓိညောင်ပင်၏ အရပ်မျက်နှာအသီးသီးတို့၌ နေရာယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန်တို့က **"ဇယောဟိဗုဒ္ဓသသ"** ဂါထာတော်ကို လည်းကောင်း၊ အရန်ယောဂီများက **"ဗောဓိညောင်နန်း"** အစချီသော ရှစ်လုံးဘွဲ့ ကဗျာကိုလည်းကောင်း ရွတ်ဆိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ နတ်ဗြဟ္မာအပေါင်းနှင့် ပရိသတ်တို့က **"ဇမ္ဗူဒီပ ဗောဓိယာမူလေ"** အစချီသော ဆုတောင်းပတ္ထနာခြောက်ဂါထာနှင့် **"သွန်းကြ၊ သွန်းကြ၊ ရွှန်းပညောင်ရေ"** အစချီသော ကဗျာတို့ကို ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် ဥပါသကာတစ်ဦးက ပင့်ဖိတ်ထားသော နတ်ဗြဟ္မာ အပေါင်းတို့အား ဂါထာပါး၍ ပြန်ပို့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဘာသာရေး အသင်းအဖွဲ့များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဗောဓိ ညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။



ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)က ဆူးလေစေတီတော်တွင် ဗောဓိညောင်ပင်အား ဘုရားဖူးပြည်သူများ ကဆုန်ညောင်ရေသွန်း လောင်းကြစဉ်။ (ကြေးမုံ)

## ဆူးလေစေတီတော်

ထို့အတူ ဆူးလေစေတီတော်၏ ၁၃၆၇ခုနှစ် ကဆုန်ညောင်ရေ သွန်းပွဲတော်ကို ယနေ့နံနက် ၉နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆူးလေစေတီတော် အလှည့်ကျ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ရှေးဦးစွာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက ဗောဓိညောင်ရေသွန်း ဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း တော်မူကြသည်။

ထို့နောက် အစီအစဉ်အရ စေတီတော် ကျက်သရေဆောင်ခန်းမ၌ ရေစက်သွန်းချ အခမ်းအနားကို ကျင်းပရာ ပရိသတ်များက သိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ် အစချီသော ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဆူးလေစေတီတော် အလှည့်ကျ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ပစ္စည်းလေးပါး အလို့ငှာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ထံမှ အနုမောဒနာတရား နာကြားကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး မွန်းလွဲ ၁နာရီတွင် ဆူးလေစေတီတော် ဝန်ထမ်းဝတ်အဖွဲ့က ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဆူးလေစေတီတော် မဟာဗောဓိညောင်ပင်တွင် ယနေ့နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ညောင်ရေသွန်းလောင်း ပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိပြီး စေတီတော်ဂေါပကအဖွဲ့က ဘုရားဖူးပြည်သူများ စိတ်ရွှင်လန်းစွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရေးအတွက် နံ့သာညောင်ရေအိုးများ စီစဉ်ထားရှိပေးသည်ကို တွေ့ရှိရသည်။

ကဆုန်လပြည့်နေ့က မဟာဝိဇယစေတီတော်ရှိ ဗောဓိညောင်ပင်အား ဘုရားဖူးများနှင့် ဝတ်အသင်းအဖွဲ့များက ကဆုန်ညောင်ရေသွန်းလောင်း ကြစဉ်။ (ကြေးမုံ)

## ဗိုလ်တထောင်စေတီတော်

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေ သွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့(ကဆုန်လပြည့်နေ့) နံနက် ၇နာရီခွဲတွင် စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်အမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့် တော်မူကြပြီး ဧရာဝတီရေစက်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး အေးဖေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆုနှင့် ဂေါပက အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို **"နမော တဿ"** သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတအရှင်သူမြတ် ထံမှ ဧည့်ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ်တရားတော်များ နာကြားကြပြီး ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်ထံမှ ဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ တာဝန်ခံ အလှည့်ကျဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအောင်ဆုက ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်များအမှူးပြုသော ဧည့်ပရိသတ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများသည် ကြေးစည်အဖွဲ့၊ သာသနာ့အလင်္ကာအဖွဲ့၊ စည်တော်အဖွဲ့များခြံရံ၍ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဗောဓိပင်၌ သံဃာတော်အရှင်သူမြတ်များက မဟာဗောဓိ ဥဒကသိဉ္စနပါဠိတော်များ ရွတ်ဖတ် ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ် များကြီးမှူး၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ယနေ့နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ ပရိဘောဂစေတီ ဖြစ်သော ဗောဓိပင်အား ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပရာ ဘာသာရေးအသင်းအဖွဲ့များ ညောင်ရေသွန်းလောင်းကြစဉ်။ (သတင်းစဉ်)

## ကမ္ဘာအေးကုန်းမြေ

သာသနာရေးဝန်ကြီးဌာန (၁၃) ကြိမ်မြောက် ဝန်ထမ်းမိသားစုများ၏ စုပေါင်းညောင်ရေသွန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင်



ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး (၂၂)ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်အခမ်းအနားတွင် ဘုရားဖူးများနှင့် ဝတ်အသင်း အဖွဲ့များ ဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (ကြေးမုံ)

...က မဟာဝိဇယစေတီတော်ရှိ ဗောဓိညောင်ပင်အား ...သင်းအဖွဲ့များက ကဆုန်ညောင်ရေသွန်းလောင်း (ကြေးမုံ)

ထံမှ ဧည့်ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ်တရားတော်များ နာကြားကြပြီး ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်ထံမှ ဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ တာဝန်ခံ အလှည့်ကျဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအောင်ဆုက ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်များအမှူးပြုသော ဧည့်ပရိသတ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများသည် ကြေးစည်အဖွဲ့၊ သာသနာ့အလံကိုင်အဖွဲ့၊ စည်တော်အဖွဲ့များခြံရံ၍ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဗောဓိပင်၌ သံဃာတော်အရှင်သူမြတ်များက မဟာဗောဓိ ဥဒကသိဉ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များကြီးမှူး၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ယနေ့နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ ပရိဘောဂစေတီဖြစ်သော ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

## ကမ္ဘာအေးကုန်းမြေ

သာသနာရေးဝန်ကြီးဌာန (၁၃)ကြိမ်မြောက် ဝန်ထမ်းမိသားစုများ၏ စုပေါင်းညောင်ရေသွန်းပွဲ အခမ်းအနားများကို ယနေ့နံနက် ၉နာရီတွင် ကမ္ဘာအေးကုန်းမြေ ပြည်ပသာသနာပြု ဌာနခွဲ ပိဋကတ်တိုက် မဟာဗောဓိ ညောင်ပင်ရင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်၍ ညောင်ရေသွန်းလောင်း သည်။

ရှေးဦးစွာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကြည်က သမ္ဗာဒေဝနတ်များကို ပင့်ဖိတ်ပြီး **"မဟာဗောဓိ ဒုမေနာထော"** ဂါထာကို ဦးစီးအရာရှိ ဦးအောင်ထွေးက ဖတ်ကြားကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက ကဆုန်လပြည့် ဗုဒ္ဓနေ့ အကြောင်း စာတမ်းကို ဖတ်ကြား တင်ပြလျက် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလွင်က မဟာဗောဓိ ပရိဘောဂ စေတီတော်မြတ်ကြီးအား ညောင်ရေသွန်းလောင်း ပူဇော်သည့် ဂါထာကို ပရိသတ်များကိုယ်စား ဖတ်ကြားပူဇော်သည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ တို့ ဦးဆောင်သော ဌာနဆိုင်ရာအကြီး အကဲများ၊ ဝန်ထမ်းမိသားစုများက မဟာဗောဓိ ပရိဘောဂ စေတီတော် မြတ်ကြီးအား စုပေါင်း၍ ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ မဟာဗောဓိပင် ပတ်လည်ရှိ ဗြဟ္မာ၊နတ်၊နဂါးနှင့်ဂဠုန် အဖွဲ့များက **"ဇယောဟိ ဗုဒ္ဓဿသိရိ မတောအယံ"** အစချီသော ထောမနာ ဂါထာတော်များ အသီးသီး ရွတ်ဖတ် ပူဇော်ကြပြီး အမျိုးသမီးဝတ်အသင်း အဖွဲ့ဝင်များက ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ပရိသတ်များက **"ဇယန္တော အစချီ ဇယမင်္ဂလာငါးဂါထာ"**ကို ဆုတောင်း ပတ္ထနာပြု ရွတ်ဆိုပူဇော်ကြပြီး **"ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု"** သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အလားတူ ယနေ့နံနက် ၈နာရီတွင် ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော် ကြီး၌ သာသနာရေးဝန်ကြီးဌာန ယဉ်ကျေးမှု သင်တန်းနည်းပြ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ(မာဂဓီ-သာစည်) ဆရာ တော် ဦးဆောင်လျက် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ **"နမောတဿ"** သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ဧည့်သည်တော်များနှင့် ကျောင်းသား၊ကျောင်းသူများက ဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ထီးခြင်းငါးပါး ဖြင့် ရှိခိုး၍ ပန်း၊ရေချမ်း၊ဆီမီးတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ဆက်လက်၍ သင်တန်းသား ကျောင်းသား၊ကျောင်းသူများက မဟာ ဗောဓိ ရှိခိုးဂါထာ၊ မြန်မာပြည်ရှိ ထင်ရှားသော ဗောဓိပင်များ အကြောင်း၊ အောင်ပဏာမနှင့် အောင် ဆုတောင်းဂါထာ၊ ကဆုန်လပြည့်နေ့ အကြောင်း သိကောင်းစရာများနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ဂါထာ၊ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ဆိုင်ရာကဗျာ၊ ညောင်ရေသွန်းပွဲတော် အကြောင်း စသည်တို့ကို အသီးသီး ဖတ်ကြားတင်ပြကြပြီး အခမ်းအနား ကို **"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"** သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်း လိုက်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ညောင်ရေသွန်း မင်္ဂလာအခမ်းအနား ကို သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ရင်ပြင်အဂ္ဂိထောင့်ရှိ မဟာဗောဓိပင်၌ ယနေ့နံနက် ၈နာရီတွင် ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ပြီး ကမ္ဘာ အေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးတင်ဦးက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော် ရခြင်းအကြောင်း တင်ပြသည်။

ထို့နောက် ပရိသတ်များက **"ဥဒ္ဒိဿယဇိနံဗုဒ္ဓံ"** စသော ဂါထာကို ရွတ်ဆို၍ ညောင်ရေသွန်းလောင်းမည့် ရေတော်အား ဆက်ကပ်သွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ ထောင့်လေးထောင့်မှ ဗြဟ္မာ၊ နတ်၊ ဂဠုန်၊နဂါးအဖွဲ့များနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များက **"ဇယန္တော ဗောဓိယာမူလေ"** စသော ငါးဂါထာ ဖြင့် ဆုတောင်းပတ္ထနာပြုကြပြီး အမျိုးသမီးဝတ် အသင်းအဖွဲ့များက ဆုတောင်းမေတ္တာပို့ဂါထာများ ရွတ် ဖတ်ပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကျိုက်ဝိုင်းစေတီတော်

အလားတူ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ညောင်ရေသွန်းပွဲတော် အခမ်း အနားကို ယနေ့နံနက် ၉နာရီတွင် စေတီတော်ရင်ပြင်ရှိ အာရုံခံ တန်ဆောင်း၌ ကျင်းပရာ မရမ်းကုန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက သာသနာရေးဆိုင်ရာများကို လျှောက် ထားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့် က ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေ သွန်းပွဲတော်ကျင်းပရသည့် အကြောင်း ကို လျှောက်ထားတင်ပြသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန် ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းစေတီတော် ဩဝါဒါစရိယ၊ အောင်ဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တ အာစရထံမှ ရှစ်ပါးသီလ ခံယူ ဆောက်တည်ကြပြီး အနုမောဒနာ တရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာ တော်များ ဦးဆောင်၍ ဂေါပကအဖွဲ့ ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်း အဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကြွရောက်လာကြသည့် ပရိသတ်များက စေတီတော်မြတ်ကြီး အား လက်ယာရစ် ပူဇော်ကြပြီး ဇယန္တောဗောဓိယာမူလေ စသော ငါးဂါထာဖြင့် ဆုတောင်းပတ္ထနာ ပြုကြကာ ဗောဓိညောင်ပင်ကြီးကို ကဆုန်ညောင်ရေသွန်းလောင်း ပူဇော် ကြသည်။

## ရွှေဘုန်းပွင့်စေတီတော်

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော် ညောင်ရေသွန်းလောင်း ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် အရုဏ်တက်တွင် စေတီတော် ရင်ပြင်၌ကျင်းပရာ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့် စေတီ တော် ဩဝါဒါစရိယ ရွှေဘုံသာ ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမ အမှူးပြုသော ဆရာတော် သံဃာ တော်အပါး ၅၀ ကြွရောက်တော် မူကြပြီး ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ စေတီတော်ဝေယျာ ဝစ္စဝတ်အသင်းများနှင့် ဘုရားဖူး ပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် များက ရွှေဘုန်းပွင့်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါ ဘိသေက အနေကဇာတင်တော်မူကြ ပြီး စေတီတော်ရင်ပြင်၌ မြတ်စွာ ဘုရားအား မုန့်ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ရေချမ်း၊ဆီမီးတို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာ တော်များအမှူးပြု၍ စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိ ညောင်ပင်အား ညောင်ရေသွန်း လောင်း ပူဇော်ကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီ တော်ရှိ ဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝတ်အသင်းများနှင့် ပုဇွန်တောင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ဘုရားဖူး ပြည်သူများ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ညောင်ရေအိုးများကို လုပ်အားဒါနအဖြစ် စီစဉ်ကုသိုလ်ပြု ကြပြီး ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ဒါန၊သီလ၊ဘာဝနာကုသိုလ်ပြုသူများ၊ ပရိဘောဂစေတီ မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသူ များဖြင့် စည်ကားလျက်ရှိသည်။

## စွယ်တော်မြတ်စေတီတော်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထား ကိုးကွယ်တော်မူသော ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီ တော်(ရန်ကုန်) သတ္တမအကြိမ် ညောင်ရေသွန်းပွဲတော် အခမ်းအနား ကို ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့ နံနက် ၉နာရီတွင် စွယ်တော်မြတ် စေတီတော် တောင်ဘက်ရှိ မဟာ ဗောဓိပင်၌ ကျင်းပရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြတ်လှ အမှူးပြုသော ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ ဝတ် အသင်းများနှင့် ဘာသာရေးအသင်း အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာ့အလံကိုင် အဖွဲ့က ဦးဆောင်၍ စွယ်တော်မြတ် စေတီတော်ကြီးအား ရင်ပြင်တော်မှ လက်ယာရစ်ပူဇော်ကြပြီး မဟာဗောဓိ ပင်တွင် သတ်မှတ်ထားသော နေရာ များ၌ နေရာယူကြကာ အခမ်းအနား ကို **"နမောတဿ"** သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ် သည်။

ထို့နောက် နတ်ဒေဝါများကို ဖိတ်မန္တကပြုပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြတ်လှက မဟာ ဗောဓိပင်အား ညောင်ရေတော်သွန်း ရခြင်းအကြောင်းကို ပြောကြားသည်။

ယင်းနောက် မြတ်စွာဘုရား ကိုယ်စား ထားတော်မူခဲ့သော မဟာ ဗောဓိပင်(ပရိဘောဂစေတီ)အား ရှိခိုး ဝန္ဒနာ ဆုတောင်းလွှာဖြင့် ပူဇော်ပြီး ဂေါပကအဖွဲ့ဝင်လူကြီးများ၊ မိသားစု များနှင့် ဖိတ်ကြားထားသောဧည့်သည် တော်များက ညောင်ရေများ သွန်း လောင်းကြသည်။

ထို့နောက် မဟာဗောဓိပင်၏ အနောက်မျက်နှာအရပ်မှာ နေသော နဂါး၊ မြောက်အရပ်မှာ နေသော ဂဠုန်၊တောင်အရပ်မှာနေသော နတ် ဒေဝါများနှင့် အရှေ့အရပ်မှာနေသော ဗြဟ္မာတို့က သက်ဆိုင်ရာ ဂါထာ များကို ရွတ်ဆိုကြပြီး အမျိုးသမီး ဝတ်အဖွဲ့က ကဗျာတို့ကို ရွတ်ဆိုကာ ညောင်ရေတော်များ အသီးသီး သွန်း လောင်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက် ရောက်လာကြသူများက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယ မင်္ဂလာငါးပါးဂါထာကို ရွတ်ဆိုကြပြီး အမျိုးသမီးဝတ်အဖွဲ့က **"သွန်းကြ၊ သွန်းကြ ရွှန်းပညောင်ရေ"** ကဗျာ သုံးပုဒ်ကို သီဆိုရွတ်ဆိုကြကာ **"ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု"** သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ညောင်ရေ သွန်းပွဲတော် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာ ပြုအဖွဲ့ချုပ်က ကြီးမှူး၍ (၂၅)ကြိမ် မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်အခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်နှင့် ဗုဒ္ဓဂယာမဟာ ဗောဓိပင်တို့၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

**စာမျက်နှာ ၁၄ ကော်လံ ၇ သို့** ✳

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ကမ္ဘာအေးကုန်းမြေရှိ မဟာဗောဓိပရိဘောဂစေတီဖြစ်သော ဗောဓိပင်ကို ညောင်ရေသွန်းလောင်း ပူဇော်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ညောင်ရေသွန်းလောင်း ပူဇော် ကြစဉ်။ (သတင်းစဉ်)

● အပြည်ပြည်ဆိုင်ရာမှ **"စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"နှင့် "မူးယစ်ကင်းစင် အလှဆင်"**ဟူသည့် ခေါင်းစဉ်များဖြင့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်နေမှုအခြေ အနေများကို ကြည့်ရှုအားပေးရာ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့် ဌာနမှူး ဦးမြသိန်းတို့က လိုက်လံရှင်းလင်း ပြသကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကွန်ပျူတာတက္ကသိုလ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့အား ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်က ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲဝင်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

**ပါဝင်ယှဉ်ပြိုင်**

ယနေ့ကျင်းပသည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး စုစုပေါင်း ၂၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံကျင်းပရေး မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အကြိုညီလာခံ(၂၀၀၅) ကျင်းပရေး အထိမ်းအမှတ် လှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း အဖွဲ့နာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အကြိုညီလာခံ (၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အကြိုညီလာခံ(၂၀၀၅) ကျင်းပရေး အထိမ်းအမှတ် လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရေးစာချုပ် ချုပ်ဆို

**ရန်ကုန် မေ ၂၂**

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China World-best Group Co., Ltd. (China) တို့၏ မန္တလေးတိုင်း တောင်သာ စွပ်ကျယ်စက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီတွင် Traders Hotelရှိ မြန်မာ Ballroom ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Tang Hai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. (China) မှ Chief Executive Officer Mr. Cheng Zhenghao၊ Representative Of President Mr. Jiang Chengxun၊ General Manager Mr. Hu Wanshun နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. (China)မှ Chief Executive Officer တို့က စာချုပ်အသီးသီးတွင် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် တောင်သာစွပ်ကျယ်စက်ရုံမှ ထုတ်လုပ်မည့် နမူနာပြသထားသော စွပ်ကျယ်များ၊ တီရှပ်များနှင့် စပို့ရှပ်များကို ကြည့်ရှုစစ်ဆေးကြသည်။

တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းကို မန္တလေးတိုင်း တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့ သွားသည့်ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ မြေဧက ၆၁ ဒသမ ၁၉ ဧက၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစက်ရုံမှ စွပ်ကျယ်များ၊ တီရှပ်များနှင့် စပို့ရှပ်များကို ထုတ်လုပ်သွားမည်ဖြစ်ပြီး စက်ရုံပြီးစီးပါက ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လျှင် အထည် ၁ ဒသမ ၉၈၀ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

**စာချုပ်လဲလှယ်**

**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. တို့၏ မန္တလေးတိုင်း တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းအတွက် စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd.တို့၏ အမှုဆောင်အရာရှိချုပ် Mr. Cheng Zhenghao တို့ စာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြစဉ်။** (စက်မှု-၁)

# မြန်မာရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသ လာမည့်သောကြာပတ်တွင် ကျန်စစ်မင်းရုံတင်မည်

**ရန်ကုန် မေ ၂၂**

မြန်မာရုပ်ရှင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသနေရာ စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ စင်ရော်မောင်မောင်၏ လျှို့ဝှက်သောနှင်း ဇာတ်ကား သမ္မတရုံတွင် ဆက်လက် ပြသနေသည်။

**ပါဝင်**

၎င်းဇာတ်ကားတွင် သရုပ်ဆောင်များဖြစ်သည့် လွင်မိုး၊ လူမင်း၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ စိုးမြတ်နန္ဒာ၊ မြင့်မြင့်ခိုင်နှင့် နီလာအောင်အောင်တို့ ပါဝင်ကြသည်။ ကချင်ပြည်နယ် ရေခဲတောင်ဒေသ ဖုန်ဂမ်ရာဇီတောင်ထိပ်တွင် ခက်ခက်ခဲခဲ သွားရောက် ရိုက်ကူးထားပြီး ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကိုပါ ဖော်ထုတ် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

**အကယ်ဒမီပြုံးချိုကြီး**

ပရိသတ် အားပေးဆဲဖြစ်သည့် အကယ်ဒမီပြုံးချိုကြီး ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက်အောင်ပွဲခံနေဆဲဖြစ်သည်။ ဟာသသရုပ်ဆောင် မော့စ်၊ မိုးဒီတို့နှင့် အပြိုင်ကြော်ငြာသရုပ်ဆောင် ကလေးငယ် ဆုမေတို့၏ ပီပြင်သည့် သရုပ်ဆောင်ချက်၊ ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွင့်တို့၏ ဇာတ်ညွှန်းရေးသားရိုက်ကူးချက်တို့ကို တဝကြီးရှုစားရမည်ဖြစ်သည်။

**ကျန်စစ်မင်း**

လာမည့် မေ ၂၇ ရက် (သောကြာနေ့)တွင် ဧရက်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးသိန်းလှိုင်(ဘီအေ) ဇာတ်လမ်းပြုစုကာ မြင့်ဦး‌ဦးမြင့် ဇာတ်ညွှန်းရေးသားပြီး သရုပ်ဆောင် လူမင်းကိုယ်တိုင် ရိုက်ကူးသရုပ်ဆောင်သည့် ကျန်စစ်မင်း ဇာတ်ကား မြို့လယ်ရုံများတွင် ပြသတော့မည်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် သူရဲကောင်း ကျန်စစ်သား၏ သမိုင်းဖြစ်ရပ်များကို သမိုင်းနောက်ခံပြု ရိုက်ကူးထားပြီး အရှေ့တောင်အာရှတွင် ရုပ်ရှင်နည်းပညာ ဆန်းသစ်စွာဖြင့် ရုပ်ရှင်တစ်ကားလုံး DV တိတ်ဖြင့် ရိုက်ကူးပြီးမှ ဖလင်ပေါ်သို့ ပြောင်းလဲသည့် စနစ် ကျင့်သုံးထားရာ အသံရော၊ အရုပ်ပါ ပီပီပြင်ပြင် ခံစားကြည့်ရှုရမည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။အဆိုပါဇာတ်ကားတွင် လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်းနှင့် ညွန့်ဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ (ကြေးမုံ)

**လာမည့်သောကြာပတ် ရုံတင်မည့် ကျန်စစ်မင်းဇာတ်ကားသစ်မှ လူမင်းနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။** (ကြေးမုံ)

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသားများ ပြတိုက်များလေ့လာ

**ရန်ကုန် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၂/၂၀၀၅)မှ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးတို့သည် ဒုတိယညွှန်ကြားရေးမှူး(ထုတ်/လုပ်) ဦးသန်းထွန်း ကြီးကြပ်လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့သို့ သွားရောက်လေ့လာကြသည်။ (သတင်းစဉ်)

# အာဆီယံပို့ဆောင်ရေးအစည်းအဝေးမှ မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၂

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၀၅ခုနှစ် မေ ၁၉ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိများ၏ အစည်းအဝေးသို့ တက်ရောက်ခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနအကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့၏ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

(၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ ဦးဆောင်သော အဖွဲ့ဝင်ပေါင်း ၅၂ဦး၊ အာဆီယံ အတွင်းရေးမှူးရုံးနှင့် ဂျပန် အာဆီယံရုံးတို့မှ ငါးဦးအပါအဝင် စုစုပေါင်း ၅၇ဦး တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး Mr. Sommad Pholsena က အဖွင့်အမှာစကားပြောကြားသည်။

**အဖွင့်အမှာစကား**

ထို့နောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေး၏ လက်ရှိသဘာပတိဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Chhin Kong Hean က အဖွင့်အမှာစကား ပြောကြားပြီး သဘာပတိအသစ်ဖြစ်သော လာအိုနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Math Soumala အား သဘာပတိတာဝန်ကိုလွှဲပြောင်းပေးပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော်လမ်းများနှင့် အထောက်အကူပြု လုပ်ငန်းများ သတ်မှတ်ခြင်း၊ စာချုပ်ငယ် (၁)ကို အပြီးသတ် ဆွေးနွေးခြင်း၊ အာဆီယံဘက်စုံပို့ဆောင်ရေး မူဘောင် သဘောတူညီချက်ကို အပြီးသတ်ဆွေးနွေးခြင်း၊ ဦးစားပေးကဏ္ဍ ၁၁ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် Air Travel Sector ၏ တိုးတက်မှုအခြေအနေကို ဆွေးနွေးခြင်း၊ ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်းနှင့် ပို့ဆောင်ရေး အထောက်အကူပြုလုပ်ငန်း အဖွဲ့များ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ စတုတ္ထအသုတ် လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်းကိစ္စကို ဆွေးနွေးခြင်း၊ အာဆီယံပို့ဆောင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခြင်း၊ အာဆီယံနှင့် ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများ၏ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခြင်း စသည့် အပြန်အလှန် ညှိနှိုင်းသဘောတူညီမှုများ ရရှိခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

**ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၅ ခုနှစ် ဒုတိယအကြိမ် နွေရာသီရေကူး သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ပွဲကို မေ ၂၂ရက်က ကျင်းပရာ တွဲဖက်အတွင်းရေးမှူး ဦးချိုမောင်က သင်တန်းနည်းပြ ဆရာများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၉)ဖြန့်ချိ

**ရန်ကုန် မေ ၂၂**

အပျော်စီးဇိမ်ခံသင်္ဘောများက မြန်မာဝန်ထမ်းများ ရွေးချယ်ခေါ်ယူရန်ရှိ၊ မိခင်မှရင်သွေးသို့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်မှုကာကွယ်ရေး အစီအစဉ် ဆေးရုံကြီးများတွင်စတင်၊ တိုတယ်လ်ကုမ္ပဏီ မြန်မာပြည်က ထွက်ခွာမည်မဟုတ်၊ အိန္ဒိယ-မြန်မာကုန်သွယ်ရေးရုံး မဏိပူရတွင်ဖွင့်လှစ် စသည့်ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

သက်တမ်းရှည်သုံးနိုင်မည့် နျူကလီးယားဘက်ထရီတီထွင်၊ စကားမပြောစန္ဒရားသာတီးနေသည့် လူထူးလူဆန်း ဗြိတိန်တွင်ပေါ်နေ၊ ပေါင်တစ်သိန်းသုံးသောင်းလေးသော ကိတ်မုန့်ဖြင့် လာ့စ်ဗေးဂါ့စ်မြို့က ကမ္ဘာ့စံချိန်တင်၊ ကျေးလက်တွင် လက်ကိုင်ဖုန်းသုံးသူများ ဦးနှောက်အကျိတ်ရောဂါဖြစ်ရန် အလားအလာပိုများ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားကဏ္ဍစုံလင်စွာကို e-Empire Media House၊ ဖုန်း-၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

# သချ်ာစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၂**

မလေးရှားနိုင်ငံ ပီနန်မြို့၌ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့က ကြီးမှူးကျင်းပသော သချ်ာစွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် သချ်ာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၁နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများ၊ ဆရာ ဆရာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်အတူ ကြီးကြပ်သူ လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဦးစိုးလွင်၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်အောင်မြင့်မြတ်၊ မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်ဇော်မင်းထက်၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မအေးချမ်းမြေ့နှင့် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မမြယမင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# အုန်းနဲ့တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

**ရန်ကုန် မေ ၂၂**

ပဲခူးတိုင်း ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာတိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၂သိန်း၊ ဆေးရုံတွင်အသုံးပြုရန် လေအေးပေးစက်တစ်လုံး၊ ရေခဲသေတ္တာ တစ်လုံးတို့ကို ရန်ကုန်မြို့ ပုဇွန်တောင်(ရေကျော်)နေ ကွယ်လွန်သူ ဦးထွန်းမှီ-ဒေါ်သန်းကြည်တို့အားရည်စူး၍ မအေး၊ မနီ၊ ဦးဟံစိန်-ဒေါ်အေးအေးခိုင်၊ သမီး ဝင်းလဲ့လဲ့ဖြူ၊ သား ကောင်းစည်သူတို့က မေ ၁၄ရက်တွင် ပေးအပ်လှူဒါန်းရာ ဆေးရုံကြီးကြပ်ကော်မတီနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာသူရတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(က-ပ)

**ရာနှုန်း ၆၀**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အက်ဖ်အေဖလား အာဆင်နယ်ဆွတ်ခူး မန်ယူအသင်း ပိုင်နယ်တီဖြင့်ရှုံးနိမ့်

လန်ဒန် မေ ၂၂

**အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဗြိတိန်နိုင်ငံ ဝေလပြည်နယ်၊ ကားဒစ်ဖ်မြို့ရှိ ထောင်စုနှစ်အားကစားရုံ၌ စနေနေ့ကကျင်းပရာ အာဆင်နယ်အသင်းက မန်ချက်စတာ ယူနိုက်တက်အသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလားကို ဆွတ်ခူးရရှိပြီဖြစ်သည်။**

အာဆင်နယ်အသင်းသည် မန်ချက်စတာအသင်း၏ အပြင်းအထန်ထိုးဖောက်ကစားမှုများကို ကံကောင်းထောက်မစွာ ကျော်လွှားနိုင်ခဲ့ပြီး အချိန်ပို ကစားချိန်အထိ မည်သည့်ဘက်ကမျှ ဂိုးသွင်းနိုင်ခြင်း မရှိသဖြင့် ပိုင်နယ်တီ အဆုံးအဖြတ်ကို ရယူရာတွင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားခြင်းဖြစ်သည်။

အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင် ပက်ထရစ်ဗီယာရာ သည် ၎င်း၏ အသင်းဖော်ဂိုးသမား ဂျင်းလီမန်းက မန်ယူအသင်းမှ ပေါလ်စခိုး၏ ပိုင်နယ်တီကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့ပြီးနောက် မန်ယူအသင်း၏ ပရိသတ်ရှေ့မှောက်တွင် အပိုင်သွင်းယူနိုင်ခဲ့သည်။

ပုံမှန် ပွဲကစားချိန်အထိ ဂိုးမရှိ သရေဖြစ်နေသဖြင့်အချိန်ပို ဆက်လက်ကစားရစဉ်အတွင်း ဟိုဆေး အန်တိုနီယိုရေးယက်စ် ထုတ်ပယ်ခံခဲ့ရသည်။

**မန်ချက်စတာ ယူနိုက်တက်အသင်းမှ ပေါလ်စခိုး၏ ပိုင်နယ်တီကန်သွင်းချက်ကို အာဆင်နယ်ဂိုးသမား ဂျင်းလီမန်းကာကွယ်စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲကစားချိန် တစ်လျှောက်လုံး ဂိုးသွင်းရန် အကောင်းဆုံး အခွင့်အလမ်းများရရှိခဲ့သော်လည်း ကံမကောင်းအကြောင်းမလှခဲ့ပေ။

ဆယ်ကျော်သက်ရွယ် ရှေ့တန်းကစားသမား ဝိန်းရွန်နေးနှင့် တောင်ပံကစားသမား ခရစ္စတီယာနို ရိုနယ်ဒိုတို့၏ တက်ကြွသော ကစားကွက်များဖြင့် မန်ချက်စတာယူနိုက်တက်အသင်းက ပွဲကစားချိန် တစ်လျှောက်လုံးတွင် လွှမ်းမိုးထားနိုင်သော်လည်း ဂိုးမရရှိခဲ့ပေ။

ဒုတိယပိုင်းတွင် မန်ချက်စတာယူနိုက်တက်အသင်း၏ ကစားပုံအထူးကောင်းမွန်ကြောင်း၊ ယခုပွဲသည် မိမိတို့အတွက် အကြိတ်အနယ် ကစားခဲ့ရသည့် ပွဲတစ်ပွဲဖြစ်ကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာဆင်းဝင်းဂါးက ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အက်ဖ်အေ ဗိုလ်လုပွဲရလဒ်အတွက် မိမိတို့ စိတ်ပျက်မိကြောင်း၊ ယခုနှစ်ဘောလုံးရာသီ တစ်ခုလုံးတွင်လည်း အခွင့်အရေးများ လက်လွှတ်ခဲ့ရပြီးဖြစ်ကြောင်း၊ မိမိတို့အသင်း ဂိုးသွင်းပုံညံ့ဖျင်းခြင်းကြောင့် ရှုံးနိမ့်ရသည်ဟု ကိုယ့်ကိုယ်ကိုသာ အပြစ်ဆိုစရာရှိကြောင်း မန်ယူမန်နေဂျာ အလက်စ်ဖာဂူဆန်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အောင်ပွဲခံ**

**အာဆင်နယ်အသင်း အသင်းခေါင်းဆောင် ပက်ထရစ်ဗီယာရာ (ဆုဖလားကိုင်ထားသူ)နှင့် အသင်းဖော်များ အောင်ပွဲခံနေကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အက်စကက်အစည်းအဝေး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၂

**ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (အက်စကက်)၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ မေ ၁၆ရက်မှ ၁၈ရက်အထိ ဝန်ကြီးအဆင့် အစည်းအဝေးကိုလည်းကောင်း၊ မေ ၁၂ရက်မှ ၁၄ရက်အထိ အကြီးတန်းအရာရှိကြီးများ အစည်းအဝေးကို လည်းကောင်း အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပခဲ့ပြီး ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။**

အစည်းအဝေးသို့ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အရှေ့အာရှနှင့်ပစိဖိတ်ဒေသ၏ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းဖွံ့ဖြိုးမှုနှင့် ဆောင်ရွက်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ကျွမ်းကျင်မှုအကူအညီ အစီအစဉ်နှင့် ငွေကြေးထည့်ဝင်မှုများ၊ မွန်ထရီသဘောတူညီချက်ပါ ကိစ္စရပ်များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ငွေကြေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုတို့တွင် တစ်ကမ္ဘာလုံး လက်တွဲဆောင်ရွက်ရန် အခြေအနေ၊ ဒေသတွင်းဖြစ်ပေါ်နေသော ဆူနာမီနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့်ပတ်သက်သောကိစ္စရပ်များ၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ကို ၂၀၀၅ ခုနှစ်မတိုင်မီ ကမ္ဘာ့နိုင်ငံများ ရရှိနိုင်ရေးအတွက် အဟန့်အတား ဖြစ်စေသော ရောဂါဆိုးများ၏ စိန်ခေါ်မှုကို ဖြေရှင်းဆောင်ရွက်ရန်နှင့် ဆင်းရဲမှုလျှော့နည်းရေးဆောင်ရွက်ချက်များ စသည်တို့ကို အဓိကထားဆွေးနွေးကြကာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ သုံးသပ်ခြင်းနှင့် နောင်လာမည့်အက်စကက် နှစ်ပတ်လည်အစည်းအဝေးတွင် ဆွေးနွေးမည့် အစီအစဉ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

## တင်သွင်း

မေ ၁၇ရက် မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။ ထို့အပြင် ဆူနာမီနှင့် သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ ရပ်တည်ချက်စာတမ်းကို တင်သွင်းသည်။

## ကြိုဆိုနှုတ်ဆက်

ဝန်ကြီးသည် မေ ၁၉ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ဝန်ကြီးနှင့်အတူ အက်စကက်၏ အကြီးတန်းအရာရှိကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သော အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါ လာကြသည်။

(သတင်းစဉ်)




**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသော ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)၏ (၆၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် မိန့်ခွန်း ပြောကြားစဉ်။** (ပို့ဆောင်ရေး)

# မြန်မာနိုင်ငံတွင် အခြေခံသတင်းအချက်အလက်နှင့် အဆင့်မြင့်ဆက်သွယ်မှုလုပ်ငန်းများစနစ် တည်ဆောက်ခြင်း စီမံကိန်းဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

**မြန်မာနိုင်ငံတွင် အခြေခံသတင်းအချက်အလက်နှင့်အဆင့်မြင့်ဆက်သွယ်မှုလုပ်ငန်းများစနစ် တည်ဆောက်ခြင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation & KCOMS Co., Ltd. တို့ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation & KCOMS Co., Ltd နှင့် National Computerization Agencyတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က အမှာစကားပြောကြားပြီး Daewoo International Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Chang Rae Kim က အမှာစကားပြောကြားသည်။

## လဲလှယ်

ထို့နောက် မြန်မာနိုင်ငံတွင် အခြေခံသတင်းအချက်အလက်နှင့် အဆင့်မြင့်ဆက်သွယ်မှုလုပ်ငန်းများစနစ် တည်ဆောက်ခြင်း စီမံကိန်းဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Daewoo International Corporation & KCOMS Co., Ltd. တို့မှ Mr. Chang Rae Kimနှင့် Mr. Tai Heon Kang တို့က လက်မှတ်ရေးထိုးချုပ်ဆိုကြပြီး ကန်ထရိုက်စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံတွင် အခြေခံသတင်းအချက်အလက်နှင့် အဆင့်မြင့်ဆက်သွယ်မှုလုပ်ငန်းများစနစ် တည်ဆောက်ခြင်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation & KCOMS Co.Ltdတို့ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် Daewoo International Corporation & KCOMS Co.Ltd တို့မှ Mr.Chang Rae Kimနှင့် Mr.Tai Heon Kang တို့ လက်မှတ်ရေးထိုးချုပ်ဆိုကြစဉ်။**

(သတင်းစဉ်)

# တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၅ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများ၌(က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်း နှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမားလေးဦးနှင့် အများဆုံးငါးဦးပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ (ခ) အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်း တစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦးနှင့် အများဆုံး ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

အဆိုပါ ပြိုင်ပွဲ၏ စည်းကမ်းများမှာ (က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ် အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာပါဝင်ယှဉ်ပြိုင်ခွင့်ရှိကာ အသက်(၅၀)နှင့်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် မေ ၂၄ရက် ညနေပိုင်း နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၉၁၊ FAX No.၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

# ယဉ်ကျေးမှုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ရှေးဟောင်းသုတေသနလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

**ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၇ ရက် ညနေပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းသို့ရောက်ရှိရာ ဗိဿနိုးမြို့ဟောင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ပြတိုက်တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်မှုများကို ဖြည့်စွက်မှာကြားသည်။**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်နှင့် ပြတိုက်အဆောက်အအုံများ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီဖြစ်ရေး၊ သတ်မှတ်ချိန်ပြီးစီးရေးကို တည်ဆောက်ရေးတာဝန်ခံများအား မှာကြားသည်။ ဆက်လက်၍ ဗိဿနိုးမြို့ဟောင်းနေရာတွင်တူးဖော်တွေ့ရှိထားသည့်ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုနှင့်တူးဖော်တွေ့ရှိထားသည့်ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိဿနိုးမြို့ဟောင်းအဝင်မုခ်ဦးနှင့် ရွှေရောင်တော်ဘုရားသို့ သွားသည့်လမ်းအား ဆက်စပ်ခင်းထားသည့် လမ်းကတ္တရာခင်းပြီးစီးမှုကို လည်းကောင်း၊ ဗိဿနိုးမြို့ဟောင်း အဝင်မုခ်ဦးကြီးနှင့် ဆက်စပ်ကာရံထားသည့် တံတိုင်းများ တည်ဆောက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၈ ရက်နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့၌ ရွှေအင်းတောင်စေတီတော်ကြီး ပြန်လည် ပြင်ဆင်နေမှုများကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ပြည်မြို့ သရေခေတ္တရာ ရှေးဟောင်းသုတေသန လေ့ကျင့်ရေးသင်တန်း ကျောင်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို တင်ပြသည်။ ဆောက်လုပ်လျက် ရှိသော စာသင်ဆောင်များ၊အိပ်ဆောင်များ၊ စားရိပ်သာဆောင်နှင့်ဝန်ထမ်းဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့် ပြုပြင်ရန်ရှိသည်များကို မှာကြားသည်။

ဆက်လက်၍ သရေခေတ္တရာ ရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်ပြီး ခင်းကျင်း ပြသထားမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းကိုပတ်၍ဖောက်လုပ်ထားသည့် လမ်းပြီးစီးမှု၊ဘောဘောကြီးဘုရား၊ဘဲဘဲဘုရား၊ ဗိဿနိုးမိဖုရားသင်္ချိုင်းနှင့်ပုတီးကုန်း–မော်ဇာသွားလမ်းနှင့်ဆုံရာထိဆက်လက်ဖောက်လုပ်ထားသော မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ရွာ ရဟန္တာသိမ်သို့ရောက်ရှိကာ ရဟန္တာသိမ် ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

## ခရိုင်ဥက္ကဋ္ဌ မီးရထားသံလမ်းနှင့်ဘူတာရုံများစစ်ဆေး

**မိုးညှင်း မေ ၁၅**

မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်သည် မြန်မာ့မီးရထား တိုင်း(၁)မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းအောင်၊ မိုးညှင်းမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မိုးကောင်းမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့ လိုက်ပါလျက် မေ ၁၃ ရက်က မိုးညှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မရမ်း၊ နမ္မတီး၊ မိုးကောင်း၊ ဆားမှော်၊ ပင်းဘော၊ ဟိုပင်၊ မြို့သစ် ကလေး၊ နန်းမား၊ မိုးညှင်းဘူတာများ တွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရထားများမတော်တဆမှု မဖြစ်စေရန် မိုးမကျမီ ကြိုတင်ပြင်ဆင်ထားရှိရေး၊ ဘူတာရုံများ သန့်ရှင်းသာယာလှပရေး၊ ခရီးသည်များ အဆင်ပြေ သွားလာနိုင်ရေးတို့ကို မှာကြားသည်။ ၎င်းနောက် ခရိုင်ဥက္ကဋ္ဌအဖွဲ့ဝင်များသည် မေ ၇ ရက်တွင် မိုးညှင်းမှ နန့်စီးအောင်ဘူတာထိ ရထားလမ်းပိုင်းကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရန် ကုန် မြို့တော် စည်ပင်သာရေး ကော်မတီ၊ ကော်မတီဝင် ဗိုလ်မှူးကြီး အောင်သန်းဝင်း မေ ၁၉ ရက်က ရန် ကုန် တိုင်း ကျောက်တံတားမြို့နယ်၃၈လမ်း ပလာဇာရှိ ပတ်ဝန်း ကျင် ထိန်းသိမ်း ရေး နှင့် သန့် ရှင်း ရေး ဌာန ရုံးခန်းမ၌ ကျင်းပသည့် ဌာနတွင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (မြို့တော်စည်ပင်)

## မျိုးဥယျာဉ်များထူထောင် အလှဆင်ဆောင်ရွက်

**ဖားကန့် မေ ၁၆**

ဖားကန့်မြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် မြို့သာယာလှပရေးလုပ်ငန်းများကို မေ ၁၆ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မြို့တွင်းနှင့် လုံးခင်း၊ ဆိပ်မှုကျေးရွာများ အတွင်းရှိ မြေရာရှူခင်းများတွင် လှပစွာ စိုက်ပျိုးနိုင်ရေးအတွက် ၄က်ပျောတောရပ်ကွက်၊ စံပယ်ဆောင် ဝန်ထမ်း အိမ်ရာရှေ့တွင် ပျိုးဥယျာဉ်ခြံကြီး တည်ဆောက်၍ ပျိုးထုပ်များ ထုပ်ပျိုးစနစ်တကျထားရှိနေမှု အခြေအနေ၊ ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင် ဆောင်ရွက်နေမှုအား ဦးစီးအရာရှိ ဦးနေမျိုးနိုင်က ကြီးကြပ်ခဲ့သည်။

**(မြို့နယ်စည်ပင်)**

ချင်းပြည်နယ် ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများအား လမ်းသားကျယ်စေရန် ဆောင်ရွက်လျက်ရှိရာ မြို့ဟောင်းလမ်းတာချဲ့ခြင်းကို စက်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

**မုံရွာ မေ ၄**

မုံရွာမြို့နယ် ထနောင်းတောကျေးရွာအုပ်စု ထနောင်းတော(တ)ရွာ အလင်းရောင် စာကြည့်တိုက်၊ ကြာပိုင်ကျေးရွာအုပ်စု ကြာပိုင်ကျေးရွာ စုပေါင်းညီညာစာကြည့်တိုက်၊ သစ်ဆိမ့်ကျေးရွာအုပ်စု ကြည်ကုန်းရွာသစ် ပညာ့ပါရမီစာကြည့်တိုက်၊ ချောင်းဆုံကျေးရွာ ပညာ့အလင်းရောင် စာကြည့်တိုက်၊ သုတကျေးရွာအုပ်စု ချမ်းသာကျွန်းကျေးရွာ ပွင့်လင်းရောင်ခြည် စာကြည့်တိုက်၊ လယ်တော်ကျေးရွာ မေတ္တာရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲများကို မေ ၄ ရက် နံနက် ၈ နာရီက ထနောင်းတော(တ)ရွာ၌ လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ကြာပိုင်ကျေးရွာ၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ချောင်းဆုံကျေးရွာ၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီ၌ ချမ်းသာကျွန်းကျေးရွာ၌ လည်းကောင်း၊ ညနေ ၄ နာရီတွင် လယ်တော်ကျေးရွာတို့၌ အသီးသီး ဖွင့်လှစ်ခဲ့သည်။

**ထိန်းသိမ်းရေး**

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ထိန်းသိမ်းရေးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

**(ခရိုင်ပြန်/ဆက်)**

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့

## ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၅ခုနှစ်၊ မေလ (၁၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## သုတ/ ရသစာအုပ်မျိုးစုံနှင့် ရန်ပုံငွေပေးအပ်လှူဒါန်း

**ဝမ်းတွင်း မေ ၁၆**

ဝမ်းတွင်းမြို့နယ် ကျင်းရွာ မိဘမေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မေ ၁၄ ရက် နံနက် ၈ နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှခိုင်နှင့် စာအုပ်အလှူရှင် ဦးမျိုးတင်မွေး (ပလိပ်ချည်/စက်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှသန်းထွန်းနှင့် ဦးမျိုးတင်မွေးတို့က ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်ရန်ပုံငွေအတွက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၏ လှူဒါန်း ငွေကျပ် ၁၃၅၀၀ ကို အဖွဲ့ဝင်(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန မြို့နယ် ဦးစီးဌာနမှူး ဦးကိုကိုနိုင်က လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

**ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် လူထုအတွင်း ရှေးဦးပြုစုခြင်းဆင့်ပွားသင်တန်း အမှတ်စဉ်(၃/၂၀၀၅)ဆင်းပွဲကို မေ ၁၂ ရက်က လှိုင်းဘွဲ့မြို့နယ် ထီလုံစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခွန်ကံထွန်းက သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။**

(မြို့နယ်ပြန်/ဆက်)

## ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

**ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၃၀ ရက်က လူငယ်အားမာန်ခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်သော်က စတုတ္ထတန်းကျောင်းသူ မချယ်ရီစိုးထက်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။** (၄၉၇)

## ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်

**ရေဦး မေ ၇**

ရေဦးမြို့နယ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျေးရွာအုပ်စု စည်းရုံးရေးမှူးများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးချစ်မောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ခင်ရွှေလင်းတို့က စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း တာဝန်များကို ကျေးရွာအုပ်စုတစ်ခုချင်းသို့ စိုက်ပျိုးရေးစခန်း အလိုက်ပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**



**မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ်အဖြစ် တောင်ငူမြို့ သူနာပြုသင်တန်းကျောင်းမှ သူနာပြုဆရာမများ တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကြစဉ်။** (၄၇၂)

**တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်တွင် အဖွဲ့၏ လမ်း၊ တံတား၊ ရေပေးရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်း၍ တမူးမြို့ ဈေးတန်း (၉)ရပ်ကွက်အတွင်းရှိ အောင်နိမိတ်ဘုရားအတက်လမ်းထိပ်တွင် ကိုယ့်အားကိုယ်ကိုး အုတ်ခုံခံ သစ်သားတံတား တည်ဆောက်လျက်ရှိရာ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသောင်းညွန့် မေ ၆ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။** (နယ်စပ်စည်ပင်)

# ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)တွင် ရန်ကုန်မြို့တွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပ

ရန်ကုန် မေ ၂၂

ယနေ့သည် ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓဆုထူးကို ပန်ဆင်သည့် နိယတဗျာဒိတ်တော်ခံယူသော၊ အမိဝမ်းကြာတိုက်မှ ဖွားတော်မူသော၊ သုံးလူ့ထွတ်ထား သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဖြစ်တော်မူသော၊ ခန္ဓာဓာတ်သိမ်း ကင်းငြိမ်းအမှန် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူသော နေ့ထူးနေ့မြတ်ကြီးဖြစ်သကဲ့သို့ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူရာ မဟာဗောဓိပင် (ဖွားဖက်တော်) ပေါက်ရောက်တော်မူသော နေ့ထူးနေ့မြတ်ကြီးလည်းဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ရည်စူး၍ ဗုဒ္ဓဝင်ရေးထုံးနှင့်အညီ ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ပွဲနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲတို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြစမြဲဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ ဗုဒ္ဓအခါတော်နေ့ ကုသိုလ်ပုညဆည်းပူးကြသူ ရဟန်းရှင်လူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

## ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၇ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) (၂၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက မဟာဗောဓိညောင်ပင်တွင် သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❋

ကဆုန်လပြည့်နေ့က မဟာဝိဇယစေတီတော် (၁၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားသို့ ဝတ်အသင်းအဖွဲ့များ ညောင်ရေသွန်းလောင်းရန် ညောင်ရေအိုးများ ကိုယ်စီသယ်ဆောင်လာကြစဉ်။ (ကြေးမုံ)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၂

**ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် လှိုင်မြို့နယ် ပါရမီလမ်းရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။**

ပြိုင်ပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ပိုက်တင်၊ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီး အောင်ဒိုင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မူးယစ်ဗဟိုမှ တာဝန်ရှိသူများ၊ကွန်ပျူတာတက္ကသိုလ်မှ အကဲဖြတ် အမှတ်ပေးအဖွဲ့ ပါမောက္ခနှင့် ကထိက၊ဆရာ ဆရာမများ၊ပြိုင်ပွဲဝင်ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်တိုင်း အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ **“မူးယစ်ဆန့်ကျင် အောင်ပွဲဆင်”**၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ခေါင်းကြီး၊ဆောင်းပါး အညွှန်း

*ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိုက်တန်စွာအသုံးပြု၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း* (ခေါင်းကြီး) စာမျက်နှာ-၂

*“နိုင်ငံတော်အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန် လုပ်လိုက်ကြစမ်းပါ။ တစ်ချိန်ကျရင် ငါ့မြေးတို့ ဒီလုပ်ရပ်အပေါ်မှာ ကျေနပ်မှုတွေ၊ နှစ်သိမ့်မှုတွေ ရလာပါလိမ့်မယ်၊ ဒါဟာ ဘာနဲ့မျှ မလဲနိုင်တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲပေါ့ကွာ”*

မောင်ဘဖေ(ဥဿာ)၏ ဆောင်းပါး စာမျက်နှာ-၆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၅-၂၀၀၅)

ပဲခူး - ၁ ဒသမ ၈၅ လက်မ
မိတ္ထီလာ - ၁ ဒသမ ၇၇ လက်မ

## ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၅-၂၀၀၅)

မင်းဘူး နှင့် မကွေး

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)